# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၆ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

၂၀၂၂ ခုနှစ်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက်၊ နံနက် ၅ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို MRTV-HD၊ MRTV News Channel၊ MWD Channel၊ MWD Variety Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM နှင့် ချယ်ရီ FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပြဋ္ဌာန်း
ဥပဒေ | စာ - ၈

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-သူရဲဈေးလမ်းပိုင်းတွင် မန္တလေးမြို့ပတ် RBE ရထားပြေးဆွဲ
ပြည်တွင်းသတင်း | စာ - ၇

စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ
ပြည်တွင်းသတင်း | စာ - ၂၄


# ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ်ရှိ ဘုတ်ပြင်း-အုန်းတောကမ်းတံတား ဖွင့်ပွဲကျင်းပ

**တံတားတည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာသကဲ့သို့ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး**



ဘုတ်ပြင်း မတ် ၂၅

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁၃)မှ တာဝန်ယူတည်ဆောက်ပြီးစီးသည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ ဘုတ်ပြင်း-အုန်းတောကမ်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ **(အပေါ်ပုံ)**


*စာမျက်နှာ ၃ ကော်လံ ၁* ✻





# ထာဝစဉ် တည်ရှိနေရမည်

၂၁ ရာစု နိုင်ငံတကာ အခင်းအကျင်းတွင် အာရှတိုက်သည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးတို့၏ အချက်အချာဖြစ်လာသည်။ အာဆီယံ ၁၀ နိုင်ငံအနက် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့၏ အဆက်အစပ်နေရာတွင် တည်ရှိနေခြင်း၊ အာရှ၏ အင်အားကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်များထိစပ်၍ တည်ရှိနေခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်းတွင် အရေးပါသည့် မာလက္ကာရေလက်ကြားကို ထိန်းချုပ်နိုင်သည့် နေရာတွင် တည်ရှိနေခြင်းတို့ကြောင့် မဟာဗျူဟာအရ အချက်အချာကျသည့်နိုင်ငံ ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ရေ၊မြေ သယံဇာတ၊ သစ်တော၊ ဓာတ်သတ္တု၊ ကျောက်မျက်သယံဇာတတို့ ပေါများကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံသည် လူဦးရေသန်းပေါင်း ၁၄၀၀ ကျော်ရှိသော တရုတ်နိုင်ငံ၊ လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိသော အိန္ဒိယနိုင်ငံ၊ လူဦးရေ ၁၆၅ သန်းကျော်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လူဦးရေ သန်း ၇၀ ကျော်ရှိသော ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေရာ လာအိုနိုင်ငံမှလွဲ၍ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများမှာ မြန်မာနိုင်ငံထက် လူဦးရေ ပိုမိုများပြားကြသည်။ ပထဝီနိုင်ငံရေးအရ လူဦးရေ၏ ပမာဏနှင့်သိပ်သည်းမှုတို့မှာ နိုင်ငံတစ်ခု၏ အင်အားကိုတွက်ချက်ရာတွင် အခြေခံကျသည့်အတွက် လူဦးရေနည်းပြီး လူနေသိပ်သည်းဆကျဲသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အင်အားကိုအခိုင်အမာတည်ဆောက်ထားရမည်ဖြစ်သည်။ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှု၊ စီးပွားမနေဥစ္စာ တောင့်တင်းခိုင်မာမှု၊ ကာကွယ်ရေးအင်အား ခေတ်မီတောင့်တင်းခိုင်မာမှုတို့ကို မဖြစ်မနေတည်ဆောက်ထားမှသာ တန်းတူရည်တူ ရပ်တည်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ ပြည်ပနိုင်ငံများက အုပ်စုဖွဲ့၍ လူ့အခွင့်အရေးအကြောင်းပြကာ ဖိအားပေးမှုများ၊ ပြည်တွင်းနိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုများ၊ နိုင်ငံအတွင်း မတည်မငြိမ်မှုများ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်မှု၊ ကူညီထောက်ပံ့မှုများ ဖြစ်ပြီး ပြည်တွင်းမှ လိုက်ပါလုပ်ဆောင်မှုများ၊ အကြမ်းဖက်အဖျက်လုပ်ငန်းများပင် ဖြစ်သည်။ တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို လမ်းမှန် ကမ်းမှန်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ လုံခြုံရေးနှင့် အကြမ်းဖက်အဖျက်လုပ်ငန်းများအား နှိမ်နင်းကာ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလသည် အရေးပေါ်ကာလဖြစ်ပြီး လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံအောင်၊ အချိန်နှင့် တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်နေရသည့်အချိန်လည်း ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်တွင် အစိုးရအဖွဲ့များမှာ သက်တမ်းအလိုက်သာ တည်ရှိကြပြီး ပြောင်းလဲကြရမည်သာ ဖြစ်သည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုလုံခြုံရေးအတွက် တပ်မတော်သည် ပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေ၊ ဒေသတွင်းအခြေအနေများနှင့်အညီ လိုက်ပါပြောင်းလဲကာ စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်အဖြစ် ထာဝစဉ် တည်ရှိနေရမည်သာ ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဇော်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန် ပေးအပ်လိုက်သည်။

## တပ်မတော်နေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျုံပျော် မတ် ၂၅**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၂၅ ရက်က ဆောင်ရွက်သည်။

ထိုသို့ဖြန့်ဝေရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးမြင့်နှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများထံ စောင်ရေ ၂၅၀ သွားရောက်ဖြန့်ဝေပေးကြောင်း သိရသည်။

လပြည့်ဦး(ပြန်/ဆက်)

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇.၃.၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀၀၅)အချိန်မှ (၁၀၀၀) အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံ မီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်း မီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲ မောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။


**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆ - ၃ - ၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ် (၁၃) ၌ ခေါင်းဆောင်ပီသစွာနေထိုင်




ပြုမူတတ်သော ပေစိနှင့် သူငယ်ချင်းအပေါ် အထင်လွဲမှားနေသော ပုပုတို့အကြောင်းကို ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် စေတနာ" မျက်နှာဖုံးဇာတ်လမ်း၊ အတတ်ပညာနှင့် အရာဝတ္ထုများကို သူ့နေရာနှင့်သူ လိုက်ဖက်ညီစွာ ဆောင်ရွက်သင့်ပုံအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "စူးနေရာစူး ဆောက်နေရာဆောက်" သုတဆောင်းပါး၊ ကလေးများကို သင်ကြားပြသရာ၌ နည်းလမ်းမှန်မှန်ဖြင့် ပြောဆိုဆုံးမသင့်ကြောင်းကို "အမွှေလေး ရဲရင့်ဖြိုး" နှစ်မျက်နှာကာတွန်း၊ အကျင့်စရိုက် မကောင်းမွန်ပါက မိတ်ဆွေကောင်းများ ဆုံးရှုံးရပုံကို ပညာပေးတင်ဆက်ထားသည့် "အကျင့်စရိုက်" ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်း၍ သူတစ်ပါးအပေါ် အနိုင်ယူတတ်သော ဖောင်းဖောင်းအကြောင်းကို သရုပ်ဖော်ရေးဖွဲ့ ထားသည့် "ဖောင်းဖောင်းရဲ့ နှစ်ရွက်ပေါင်း" တစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် သူငယ်ချင်းများကို ပေါင်းသင်းရာ၌ ကောင်းမွန်သည့်သူများကိုသာ ပေါင်းသင်းရန်နှင့် လမ်းမှားသို့ ရောက်နေသော သူငယ်ချင်းတို့ကိုလည်း လမ်းမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်ကြောင်း တင်ဆက်ထားသည့် "ရှောင်ရှားမှုးယစ် ဘေးကျိုးဖြစ်" ဝတ္ထု၊ သူတစ်ပါးကို မကောင်းကြံပါက မိမိတွင်လည်း ဒုက္ခရောက်နိုင်ပုံကို အတုယူဖွယ် ပညာပေး တင်ဆက်ထားသည့် "ဖိုးပုနဲ့ ဖိုးစိန်" နှစ်မျက်နှာကာတွန်း၊ မိမိဒုက္ခရောက်မည့် အရေးကို ကြိုတင်မမြင်ဘဲ အစားအစာကိုသာ မက်မောမိ၍ ဒုက္ခရောက်ရသော ကျီးအကြောင်းကို တင်ဆက်ထားသည့် "လောဘ၏သားကောင်" နှစ်မျက်နှာကာတွန်း၊ ကြိယာဝိသေသနအကြောင်းကို ဥပမာဝါကျများဖြင့် တင်ဆက်ထားသည့် ဆရာ KML ၏ "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့လက်ရာ ကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

✻ *ရွှေဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

**တိုးတက်အောင်ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသော တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြေခံအဆောက်အဦဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေး၊ လမ်း/တံတား၊ အိမ်ရာများကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုရရှိစေမည်ဖြစ်ကြောင်း၊ ထို့အပြင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွင်း အကျိုးဖြစ်ထွန်းမှုရရှိစေရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်ရန် ပထဝီနှင့် သဘာဝအတားအဆီးနေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများ ရာသီမရွေး သွားလာနိုင်ရန် ဖောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့ပြဒေသများ သာမက ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်**

ယနေ့ဖွင့်လှစ်သည့် ဘုတ်ပြင်း-အုန်းတောကမ်းတံတားတည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာသကဲ့သို့ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း၊ တံတားကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ရန် ပံ့ပိုးကူညီပေးကြသော တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကြိုးပမ်းဆောင်ရွက်ပေးကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယ၊ ဉာဏဝန်ထမ်းများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ဘုတ်ပြင်း-အုန်းတောကမ်းတံတား ဖွင့်လှစ်ပေးသည့်အတွက်နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ဘုတ်ပြင်း-အုန်းတောကမ်းတံတားအား ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ဘုတ်ပြင်း-အုန်းတောကမ်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

- ❑ **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသော တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြေခံအဆောက်အဦဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေး၊ လမ်း/တံတား၊ အိမ်ရာများကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိ**
- ❑ **လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုရရှိစေမည်”**

ဆက်လက်၍ ဘုတ်ပြင်း-အုန်းတောကမ်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု၍ တက်ရောက်လာကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဘုတ်ပြင်း-အုန်းတော ကမ်းတံတားသည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတော ကမ်းလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၁၂၀၀၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတား၏ Foundation အပိုင်းကို Bored Pile Foundation ဖြင့်တည်ဆောက်ပြီး Super Structure အပိုင်းကို ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ ကလိန်အောင်မြို့ရှိ အောင်ဇမ္ဗူကိုကိုးစိုက်ပျိုးထုတ်လုပ်ရေးမှ ထုတ်လုပ်ရရှိသော စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့်အဖွဲ့သည် ထားဝယ်ခရိုင် ကလိန်အောင်မြို့သို့ သွားရောက်၍ ကိုကိုးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထိုက်က ဒေသဆိုင်ရာအချက်အလက်များ၊ ကိုကိုးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အောင်ဇမ္ဗူကိုကိုးစိုက်ပျိုးထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ကိုကိုးမှ ထုတ်လုပ်ရရှိသော စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ကိုကိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဥရောပ အာရှစီးပွားရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဥရောပ အာရှစီးပွားရေးကော်မရှင်၊ အကြီးစားစီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံးမှ အကြီးအကဲ Mr. Andrey DIANSKY ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်ဖက်ဘဏ်များအချင်းချင်း ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် သက်ဆိုင်ရာဌာနအကြီးအကဲများလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဥရောပ အာရှစီးပွားရေးကော်မရှင်နှင့် ရုရှားစီးပွားရေးအဖွဲ့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ ညနေ ၄ နာရီတွင် ဥရောပ အာရှစီးပွားရေးကော်မရှင်နှင့် ရုရှားစီးပွားရေးအဖွဲ့မှ ကိုယ်စားလှယ်များအား နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံနှင့် ဥရောပ အာရှ စီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နှင့် နည်းပညာ စသည့်ကဏ္ဍများတွင် နှစ်ဖက်အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်သည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေး သမဂ္ဂ၊ ဥရောပ အာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ ရေးထိုးဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်မှု အခြေအနေများကို ရင်းနှီးစွာဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Y M B A (ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက်၊**
**၂၀၂၂ – ခုနှစ်၊ မတ်လ (၂၄) ရက်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က မြန်မာ့တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်းကို ၂၀၂၂ –ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ဟိုလိုကော့စ် အထိမ်းအမှတ်ပြတိုက်၌ ပြောဆိုခဲ့ခြင်းသည် လွန်စွာမှားယွင်းသော ပြောဆိုချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာစာချုပ်နှင့် ကုလသမဂ္ဂ၏ ပဋိညာဉ်အောက်ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၏ စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် သက်ဆိုင်ရာကတိကဝတ်များကို အပြည့်အဝလေးစားလိုက်နာလျက်ရှိပြီး စွပ်စွဲချက်နှင့် ပတ်သက်၍ မည်သည့်အခါမှ ကျူးလွန်ခြင်းမရှိခဲ့ပါ၊ ယခင်ကလည်း မပြုလုပ်ခဲ့ပါ၊ နောင်ကိုလည်း ပြုလုပ်မည်မဟုတ်ပါ၊ ယခုကဲ့သို့ တစ်ဖက်သတ် မှားယွင်းစွာ စွပ်စွဲပြောဆိုခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး Y M B A (ဗဟို)က ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း
Y M B A (ဗဟို)

# မင်းပြားမြို့၌ သတင်းအမှားအမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မင်းပြား)၌ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ Social Media အသုံးပြုရာတွင် ဆောင်ရန် ရှောင်ရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းစုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မင်းပြားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်က မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးခြင်း၊ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ Social Media အသုံးပြုရာတွင် နည်းလမ်းပေါင်းစုံဖြင့် ဖြန့်ဝေနေသည့် လုပ်ကြံသတင်းများကို ရှောင်ရှားတတ်စေရန် အသိပညာပေးခြင်းကိုလည်းကောင်း၊ မင်းပြားမြို့နယ်ဥပဒေအရာရှိ ဦးကျော်လွင်ဦးက ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မင်းပြား)မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး-ကျော်ခိုကျေးရွာချင်းဆက်လမ်းပေါ်၌ တံတားနှစ်စင်း တည်ဆောက်ပြီးစီး

**နေပြည်တော် မတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီး ဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ထွဋ်၊ ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့်အဖွဲ့ဝင်များသည် ယမန်နေ့က ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၆၀၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ထို့ကော်ကိုး–ကျော်ခို လမ်း ၁၈/၄ မိုင်ပေါ်တွင် ပေ ၈၀ သံကူကွန်ကရစ် တံတားတစ်စင်းနှင့် ပေ ၂၀ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ၏ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

**အချိန်တိုအတွင်း သွားလာနိုင်မည်**

အဆိုပါတံတားများ တည်ဆောက်ပြီးစီးပြီဖြစ်၍ ကော့ကရိတ်မြို့နယ် နဘူးတံခွန်တိုင်ကျေးရွာအုပ်စု ထို့ကော်ကိုးကျေးရွာမှ မြဝတီမြို့သို့ လည်းကောင်း၊ မြဝတီမြို့နယ် ရွှေကုက္ကိုလ်သို့ လည်းကောင်း အချိန်တိုအတွင်း သွားလာနိုင်မည် ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၅**

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဥရောပအာရှစီးပွားရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

## သတင်းအချက်အလက်၊ နည်းပညာ၊ လေကြောင်းဆက်သွယ်ရေး၊ ဆိုက်ဘာလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဥရောပအာရှစီးပွားရေးကော်မရှင်၏ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် သတင်းအချက်အလက်၊ နည်းပညာ၊ လေကြောင်းဆက်သွယ်ရေး၊ ဆိုက်ဘာလုံခြုံရေးတို့ အပါအဝင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ စတင်နိုင်ရေးအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများ၊ ဦးစားပေးဆောင်ရွက်နိုင်မည့် စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Vitaly MALIEV ဦးဆောင်သည့် အစိုးရမဟုတ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**



# လေကြောင်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများ၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ ဖြည့်တင်းပံ့ပိုးပေးနိုင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများကို ဆွေးနွေးရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကိုယ်စားလှယ်များအနက် Mr. Vitaly MALIEV, Vice President, Russia Association for Friendship & Cooperation with Myanmar ဦးဆောင်သော အဖွဲ့ဝင် ၁၄ ဦးပါ ဥရောပအာရှ စီးပွားရေးကော်မရှင်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် မှစ၍ သံတမန်ဆက်သွယ်မှုပြုခဲ့ရာ ယခုအခါ (၇၄) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် ဖွံ့ဖြိုးမှုအကူအညီများပေးအပ်မှု၊ ခိုင်ခိုင်မာမာ ရပ်တည်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ- ရုရှား လေကြောင်းသဘောတူစာချုပ်ကို ၁၉၇၀ ပြည့်နှစ်ကတည်းက ရေးထိုးခဲ့ပြီး နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှုများ ဆောင်ရွက်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင်လည်း သတင်းအချက်အလက်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံမှ နည်းပညာများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်းပြောကြားခဲ့ပြီး လေကြောင်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများ၊ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ ဖြည့်တင်းပံ့ပိုးပေးနိုင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**

(၇၇)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေ ကားလမ်းမကြီးဘေးရှိ ကွန်းတောင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကွန်းတောင်ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေက ကွန်ကရစ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွာသူ/ ရွာသားများ ကိုယ်စား ရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ကို ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ **(အပေါ်ပုံ)** ကွန်ကရစ်လမ်းအား ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါ ကွန်ကရစ်လမ်းသည် ရန်ကုန်-စစ်တွေ ကားလမ်းမကြီးဘေးရှိ ကွန်းတောင်ကျေးရွာအဝင်လမ်းဖြစ်ပြီး ယခင်မြေသားလမ်းအဆင့်မှ ယခုအခါ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၂၅၀၀၊ အကျယ် ၁၄ ပေ ရှိကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၃၀ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့ရေပေးရေးစီမံကိန်းဖွင့်ပွဲကျင်းပ



နေပြည်တော် မတ် ၂၅

**(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့ရေပေးရေးစီမံကိန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မိတ္ထီလာမြို့ရေပေးရေးစီမံကိန်း Water Treatment Plant နေရာ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခု မြို့ရေပေးရေးစီမံကိန်းမှ မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက်သုံးခုရှိ လူဦးရေ ၃၄၅၀၀၊ အိမ်ထောင်စု ၇၀၀၀ ခန့်ကို သန့်ရှင်းသည့် သောက်သုံးရေကို ဖြန့်ဝေပေးနိုင်မည်ဖြစ်၍ မိတ္ထီလာမြို့ ရေပေးရေး လွှမ်းခြုံမှုကို မူလ ၄၅ ရာခိုင်နှုန်းခန့်ရှိရာမှ ၇၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည့်အတွက် ရေပေးဝေမှုလုပ်ငန်းများ အမြန်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ပြင်ဆင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ပုံမှန်ဆောင်ရွက်စေရေးတာဝန်ရှိသူ အဆင့်ဆင့်က အမြဲမပြတ် ကြီးကြပ်စစ်ဆေးသွားရန်နှင့် ဆက်လက်ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုများကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က မိတ္ထီလာမြို့ မြို့ရေပေးရေးစီမံကိန်းဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့ မြို့ရေပေးရေးစီမံကိန်း ဖွင့်ပွဲမှခ်ဦးကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ JV of Modern World and Sanli ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် မြို့ရေပေးရေးစီမံကိန်း ကမ္ပည်းမော်ကွန်းအား ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ရေသန့်စင်စက်ရုံအတွင်း ရေသန့်စင်မှု လုပ်ငန်းစဉ်အဆင့်ဆင့်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ဝါးရုံကျေးရွာအုပ်စု ဖိုးမိုးကြီးကုန်းကျေးရွာ၌ အိမ်ခြေ ၁၁၀၊ လူဦးရေ ၄၉၅ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာ ရရှိရေး အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ ရှိ တွင်းနက်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စီမံကိန်းမှရရှိသည့် အတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာရှိ လူဦးရေ ၁၃၃၉ ဦးတို့၏ စိုက်ပျိုးမြေဧက ၄၉၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် ငွေပင်ကျေးရွာတွင် စနစ်ကျ အဆင့်မြင့်လယ်ယာ ဖော်ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျေးရွာတွင်းကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဆင်းများ၏ စားသောက်ကုန်ထုတ်လုပ်ရောင်းချနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# ရုရှား - မြန်မာချစ်ကြည်ရေးအဖွဲ့နှင့် အားကစားကဏ္ဍ၊ လူငယ်ရေးရာကိစ္စရပ်များ တွေ့ဆုံညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရုရှား-မြန်မာ ချစ်ကြည်ရေးအဖွဲ့အား နေပြည်တော် ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် ရုရှား နှစ်နိုင်ငံပေါင်းစပ်ပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၅** - ထူးခြားသည့် နေ့အပူချိန်များမှာ ဂန့်ဂေါမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ဗားရ်မြို့၊ ဘော်လခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီနှင့် ကလေးဝမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မိုးညှင်းမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

ယိမ်းအဖွဲ့များအား လျှောက်လွှာခေါ်ယူထားပြီးဖြစ်သည်။ ယိမ်းပြိုင်ပွဲများကို၁၂ ဦးယိမ်း(မူကြိုကျောင်းများ)၊ (ကျောင်းများ)၊ (ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ (ရုံး/အခြားဌာနများ)၊ ၂၀ ယိမ်း(အလွတ်တန်း)၊ ၁၂ ဦး ယိမ်းအမျိုးသား(အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများ အပါအဝင် ကျင်းပပေးမည်ဖြစ်ပြီး ယိမ်းအဖွဲ့များအား လျှောက်လွှာအတွက် အကဲဖြတ်လုပ်ငန်းကော်မတီ ဖုန်း၀၉၅၁၀၃၂၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ မြန်မာ့ရိုးရာသင်္ကြန်ရေသဘင်ပွဲတော်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ယခု ၂၀၂၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု ပိုးတွေ့နှုန်းနှင့် သေဆုံးမှုများ လျော့ကျလာသဖြင့် လူ ၄၀၀ အထိ စုဝေးခွင့်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။ မန္တလေး၊ နေပြည်တော်တို့တွင်လည်း ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# မူဆယ်မြို့၌ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး အသိပညာပေးဟောပြောပွဲတွင် တက်ရောက်လာကြသူများကို တွေ့ရစဉ်။

**မူဆယ် မတ် ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ နယ်စပ် ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ သတင်းအမှား အမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် ဥပဒေရေးရာ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Network အသုံးပြုရာတွင် ဆောင်ရန်ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် မူဆယ်ခရိုင် ဒုတိယဥပဒေအရာရှိ ဦးကောင်းသော်က ဥပဒေရေးရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစောရင်နှင့် ဆရာမများ၊ နည်းပြဝန်ထမ်းများနှင့် သင်တန်းသူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၅**

၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်၊ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မဟာသင်္ကြန် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**





အဆိုပါ အစည်းအဝေးသို့ မဟာသင်္ကြန် ကျင်းပရေးဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က အတာသင်္ကြန်ပွဲတော် ကာလအတွင်း အများပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေ နိုင်စေရန်အတွက် စည်ကား သိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး စုပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုံခြုံရေးလစ်ဟင်းမှု မရှိစေရေး အလေးထား ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် မဟာသင်္ကြန် ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် ညှိနှိုင်းကျွေးမွေးရေး ဆပ်ကော်မတီ တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ယခင်နှစ် အတာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လက်ရှိ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မဟာသင်္ကြန် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး-သူရဲဈေးလမ်းပိုင်းတွင် မန္တလေးမြို့ပတ် RBE ရထားပြေးဆွဲ

**မန္တလေး မတ် ၂၅**

မန္တလေး – သူရဲဈေးရထားလမ်းပိုင်းတွင် မန္တလေးမြို့ပတ် RBE ရထားစတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေးဘူတာကြီး စင်္ကြံ(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မြို့ပတ်ရထား ပြန်လည်ပြေးဆွဲမှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က မန္တလေး–သူရဲဈေးလမ်းပိုင်း တွင်ပြေးဆွဲမည့် RBE ရထားအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ဝဲပုံ)** ပြေးဆွဲမည့် ရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရထားပေါ်တွင် စီးနင်းလိုက်ပါကြသည့် ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ထွက်ခွာသွားသည့် ရထားတွင် စီးနင်းလိုက်ပါကြသည့် ခရီးသည်များအား လက်ပြနှုတ်ဆက်သည်။

မန္တလေးမြို့ပတ်ရထား (မန္တလေး–သူရဲဈေး) ခရီးစဉ်အား ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစ၍ ရထားပြေးဆွဲခြင်းကို ယာယီရပ်နားခဲ့ရပြီး ယခုအခါ ကိုဗစ်–၁၉ ရောဂါပြန့်ပွားမှုလျော့နည်းလာခြင်းနှင့် ဒေသခံပြည်သူများ၏ ခရီးသွားလာမှု အဆင်ပြေစေရန် ရထားပြန်လည်ပြေးဆွဲပေးနိုင်ရေးအတွက် ရထားလမ်းပိုင်းကြံ့ခိုင်မှုရှိစေရေး ကွန်ကရစ်ဇလီဖားတုံးများလဲလှယ်ခြင်း၊ လမ်းခင်းကျောက်များ ထပ်မံဖြည့်တင်းပေးခြင်းများကိုဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးမြို့ပတ်ရထားသည် မန္တလေးမြို့၏ တိုးတက်များပြားလာသော လူဦးရေနှင့် တိုးချဲ့လာသည့် မြို့ပြ၏ အခြေအနေများကြောင့် မရှိမဖြစ်လိုအပ်လာခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် သွားလာခြင်းထက် မြို့ပတ်ရထားဖြင့် ခရီးသွားပါက ကုန်ကျစရိတ် ပိုမိုသက်သာနိုင်ပြီး ပြည်သူများ မန္တလေးမြို့အတွင်း အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရထားအား ပြန်လည်ပြေးဆွဲပေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ပြေးဆွဲရာတွင် အမှတ်(မ–၄၁)အဆန် RBE ရထားသည် မန္တလေးဘူတာမှ နံနက် ၇ နာရီတွင် ထွက်ခွာ၍ သူရဲဈေးဘူတာသို့ နံနက် ၉ နာရီတွင် လည်းကောင်း၊ အမှတ်(မ–၄၂)အစုန် RBE ရထားသည် သူရဲဈေးဘူတာမှ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၄ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး အသွား/ အပြန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ရှမ်းစုဘူတာ၊ မြို့ဟောင်းဘူတာ၊ သိုးခြံဘူတာ၊ ကန်သာယာဘူတာ၊ အောင်ပင်လယ်ဘူတာ၊ ယာဉ်ပျံဘူတာ၊ အိုးဘိုဘူတာနှင့် သူရဲဈေးဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း၊ စီးနင်းလိုက်ပါမည့်ခရီးသည် တစ်ဦးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် အသွား/အပြန် ငွေကျပ် ၄၀၀ နှုန်း ကျသင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး သတင်းမီဒီယာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး၌ ဖွင့်လှစ်ခဲ့သည့် သတင်းမီဒီယာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက သတင်းမီဒီယာအခြေခံသင်တန်းမှ ပို့ချလိုက်သည့် ဘာသာရပ်များကို သင်တန်းသား သင်တန်းသူများ အနေဖြင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အကောင်းဆုံး အသုံးချသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် မည်သည့်လုပ်ငန်းကိုမဆို စိတ်ရင်း စေတနာကောင်းဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက သတင်းမီဒီယာအခြေခံသင်တန်းတွင် ဘာသာရပ်အလိုက်သင်ကြားပို့ချပေးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ပထမဆုနှင့် ဒုတိယဆုများရရှိသည့် သင်တန်းသူနှစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ကော်မရှင် အတွင်းရေးမှူးက သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ် တစ်ဦးကို သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄/၂၀၂၂)**
**၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မည်သည့်ဒေသတွင်မဆို ရောက်ရှိနေသော ရဲတပ်ဖွဲ့ဝင်အားလုံးနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများလည်း ပါဝင်သည်။

(ဃ) **ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ဆိုသည်။

(င) **တပ်ဖွဲ့** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ နေပြည်တော် ရဲတပ်ဖွဲ့နှင့် သီးခြားလုပ်ငန်းတာဝန် ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ခွဲများ၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့များလည်း ပါဝင်သည်။

(စ) **ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်ထားခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဆ) **ရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကို ဆိုသည်။

(ဇ) **ဒုတိယရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ဒုတိယရဲချုပ်များအဖြစ် ခန့်အပ်ခြင်း ခံရသူများကို ဆိုသည်။

(ဈ) **ပြန်တမ်းဝင်ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲမှူးနှင့် ယင်းအထက်အဆင့်ရှိ ရဲအရာရှိကို ဆိုသည်။

(ည) **ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲအုပ်နှင့် ယင်းအထက်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဋ) **အခြားအဆင့်** ဆိုသည်မှာ ရဲအရာခံအဆင့်နှင့် ယင်းအောက်ရှိ ရဲတပ်သားအဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဌ) **အရန်ရဲ** ဆိုသည်မှာ ရဲတပ်ဖွဲ့အတွက် လိုအပ်သည့်အချိန်တွင် ဤဥပဒေနှင့်အညီ ခန့်အပ်ခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဍ) **ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ဎ) **စတင်ခန့်ရာထူး** ဆိုသည်မှာ ရဲတပ်ဖွဲ့သို့ စတင်ဝင်ရောက်နိုင်ရန် သတ်မှတ်ထားသည့် ရာထူးအဆင့်ကို ဆိုသည်။

(ဏ) **မသန်စွမ်းရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ထမ်းဆောင်စဉ် အကြောင်းတစ်ခုခုကြောင့် ကိုယ်အင်္ဂါတစ်ခုခုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ချို့ယွင်းသွားသော ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(တ) **ကျဆုံးရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ထမ်းဆောင်စဉ် ကျဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ထ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ငွေကြေးသို့မဟုတ် အဖိုးတန် စာတမ်းအမှတ်အသားတစ်ခုခု ပါဝင်သည်။

(ဒ) **ကျွဲ၊ နွား၊ တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်၊ ခွေးနှင့်နွားနောက်များ ပါဝင်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

(ခ) နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

(ဂ) ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

(ဃ) နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရဲတပ်ဖွဲ့၏စွမ်းရည်နှင့် အရည်အသွေး မြင့်မားရေး ဆောင်ရွက်ရန်၊

(င) လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်။

## အခန်း(၃)
## ဖွဲ့စည်းခြင်း

၅။ ရဲတပ်ဖွဲ့တွင် ဖွဲ့စည်းထားရှိသော အောက်ပါရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးကျောင်းများသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည်ဟု မှတ်ယူလျက် ဆက်လက်တည်ရှိစေရမည်-

(က) ရဲတပ်ဖွဲ့ဌာနချုပ်၊

(ခ) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊

(ဂ) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊

(ဃ) တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် နေပြည်တော်ရဲတပ်ဖွဲ့၊

(င) သီးခြားလုပ်ငန်းတာဝန်ဆောင်ရွက်ရန်ဖွဲ့စည်းထားသည့် တပ်ဖွဲ့များ-

(၁) မှုခင်းရဲတပ်ဖွဲ့

(၂) သတင်းရဲတပ်ဖွဲ့

(၃) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၅) ရေကြောင်းရဲတပ်ဖွဲ့

(၆) လေကြောင်းရဲတပ်ဖွဲ့

(၇) ရထားရဲတပ်ဖွဲ့

(၈) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့

(၉) ယာဉ်ထိန်းရဲတပ်ဖွဲ့

(၁၀) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့

(၁၁) အမြန်လမ်းမကြီးရဲတပ်ဖွဲ့

(၁၂) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့

(၁၃) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့

(၁၄) စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်)

(၁၅) စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)

(၁၆) စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)

(စ) ရဲလေ့ကျင့်ရေးကျောင်းများ။

၆။ (က) အစိုးရအဖွဲ့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားကိုရယူ၍ ရဲတပ်ဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရဲတပ်ဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

၇။ အစိုးရအဖွဲ့သည် ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်များ၊ ချိန်နှုန်းလစာများ သတ်မှတ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ကျွမ်းကျင်မှု၊ လုပ်ငန်းအတတ်ပညာနှင့် လုပ်ငန်းသဘာဝအရ စုစည်းဖွဲ့စည်းခြင်း၊ ယင်းတို့၏ လုပ်ငန်းတာဝန်များကို စိစစ်သုံးသပ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံ၊ အင်အား၊ လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်ရန် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြနိုင်သည်။

## အခန်း(၄)
## ခန့်အပ်ခြင်း

၉။ (က) နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ညှိနှိုင်းပြီး ရဲချုပ်ကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယရဲချုပ်များကို ခန့်အပ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့သည် ရဲချုပ်၊ ဒုတိယရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ အဆင့်အတန်းနှင့် အဆောင်အယောင်ကို သတ်မှတ်နိုင်သည်။

၁၁။ ရဲချုပ်သည် သတ်မှတ်ချက်များနှင့်အညီ-

(က) ပြန်တမ်းဝင်ရဲအရာရှိ စတင်ခန့်ရာထူးအတွက် ဝန်ကြီးဌာနသို့ တင်ပြ၍ ရွေးချယ်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခန့်ထားသော ရာထူးမှအပ အခြားစတင်ခန့်ရာထူးများအတွက် လိုအပ်သည့် ရဲတပ်ဖွဲ့ဝင်များကို ရွေးချယ်ခန့်ထားရမည်။

(ဂ) ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ တပ်ဖွဲ့နှင့်ကျောင်းများ၏ တပ်ဖွဲ့မှူးများနှင့်ကျောင်းအုပ်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) ပြန်တမ်းဝင်ရဲအရာရှိများအား ပြောင်းရွှေ့တာဝန်ပေးခြင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(င) ပြန်တမ်းဝင်မဟုတ်သောရဲအရာရှိများ ပြောင်းရွှေ့တာဝန်ချထားခြင်းကို ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရမည်။

(စ) တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ အရာရှိမဟုတ်သူတပ်ဖွဲ့ဝင်များ၏ ပြောင်းရွှေ့တာဝန်ချထားခြင်းကို ယင်းတပ်ဖွဲ့နှင့် ကျောင်းတို့မှ တပ်ဖွဲ့မှူးနှင့် ကျောင်းအုပ်ကြီးများက ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၁၂။ ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင် စတင်ခန့်ရာထူးအလိုက် အစမ်းခန့်ကာလ၊ အရည်အချင်းနှင့် စည်းကမ်းသတ်မှတ်ချက်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် လိုအပ်သလို သတ်မှတ်နိုင်သည်။

၁၃။ ရဲချုပ်သည်-

(က) ပြန်တမ်းဝင်ရဲအရာရှိတစ်ဦးကို အခြားဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံ၍ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ပြောင်းရွှေ့ခန့်ထားလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပြန်တမ်းဝင်ရဲအရာရှိမှအပ ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးကို ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၁၄။ ရဲချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်-
(က) ဒုတိယရဲချုပ်(၁)သည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-
(၁) စီမံရေးနှင့် အုပ်ချုပ်ရေးတာဝန်များကို ကြီးကြပ်ကွပ်ကဲရမည်၊
(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများ၏ လုပ်ငန်းတာဝန်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်၊
(၃) လေ့ကျင့်ရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို ကြီးကြပ်ရမည်၊
(၄) တပ်ဖွဲ့နှင့်သက်ဆိုင်သည့် မူဝါဒဆိုင်ရာကိစ္စရပ်များကို ဆုံးဖြတ်အတည်ပြုနိုင်ရန် စိစစ်တင်ပြရမည်၊
(၅) ရဲချုပ်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။
(ခ) ဒုတိယရဲချုပ်(၂)သည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-
(၁) လုံခြုံရေးနှင့် မှုခင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရမည်၊
(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများ၏ လုပ်ငန်းတာဝန်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်၊
(၃) လုံခြုံရေး၊ မှုခင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်မူဝါဒများကို ချမှတ်ရမည်၊
(၄) ရုံး၊ ရဲစခန်း၊ ရဲကင်းများ၏ အခင်းအကျင်း မှန်ကန်စေရေးနှင့် စစ်ဆေးရေးလုပ်ငန်းများအပေါ် ကြီးကြပ်ရမည်၊
(၅) ရဲချုပ်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း(၅)
## အရန်ရဲ ခန့်အပ်ခြင်း

၁၅။ ရဲချုပ်သည် အရန်ရဲ ခန့်အပ်ခြင်း၊ ဖွဲ့စည်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ လုပ်ငန်းတာဝန် သတ်မှတ်ပေးခြင်း၊ အခွင့်အရေး၊ ရပိုင်ခွင့်စသည်တို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။
၁၆။ အရန်ရဲ ခန့်အပ်ခြင်းခံရသူသည် ရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၆)
## တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၇။ ရဲချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) ရဲတပ်ဖွဲ့၏ မူဝါဒကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ချမှတ်ခြင်း၊
(ခ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်း၊
(ဂ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် စီမံကြီးကြပ်ခြင်း၊
(ဃ) ရဲတပ်ဖွဲ့အား တာဝန်ခံကြီးကြပ်အုပ်ချုပ်ခြင်း၊
(င) ရဲတပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ အခွင့်အရေး၊ လစာ၊ စရိတ်ချီးမြှင့်ငွေနှင့် ထောက်ပံ့စရိတ်များ ရရှိရေး သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း၊
(စ) ရဲတပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ ကျင့်ဝတ်သိက္ခာများ စောင့်စည်းလိုက်နာရေး၊ စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊
(ဆ) ရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် ကျင့်ဝတ်များ၊ တည်မြဲအမိန့်များ၊ ရဲတပ်ဖွဲ့ဆိုင်ရာ ဆောင်ပုဒ်များကို ထုတ်ပြန်ခြင်းနှင့် ပြင်ဆင်ခြင်း၊
(ဇ) ရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း၊
(ဈ) ရဲတပ်ဖွဲ့အတွက် လိုအပ်သည့် ဘဏ္ဍာရေး၊ ထောက်ပံ့ရေးနှင့် ဖြည့်တင်းရေးဆိုင်ရာကိစ္စများကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်ခြင်း၊
(ည) ရဲလုပ်ငန်းနှင့်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဋ) ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ ပြင်ဆင်ရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊
(ဌ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊
(ဍ) ရဲတပ်ဖွဲ့ဝင်များအား ခွင့်ပေးပိုင်ခွင့်ရှိသူကို သတ်မှတ်ခြင်း။
၁၈။ ရဲတပ်ဖွဲ့ဝင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –
(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေခြင်း၊
(ခ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊
(ဂ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်၊ လုပ်ငန်းတာဝန်များနှင့် ဥပဒေနှင့်အညီ ပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊
(ဃ) နိုင်ငံတော်၏ မည်သည့် နေရာဒေသတွင်မဆို တာဝန်ဝတ္တရားများကို နေ့ညအချိန်မရွေး ဆောင်ရွက်ခြင်း၊
(င) တာဝန်ဝတ္တရားဆောင်ရွက်ရာတွင် တရားမျှတစွာ ဆောင်ရွက်ခြင်း၊
(စ) ဘေးအန္တရာယ်ကျရောက်သည့်အခါ အများပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းဥစ္စာတို့ကို ကယ်ဆယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊
(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊
(ဇ) ရဲတပ်ဖွဲ့ဝင်တိုင်းလိုက်နာရမည့် စည်းကမ်းနှင့် ကျင့်ဝတ်များကို စောင့်စည်းလိုက်နာခြင်း၊
(ဈ) နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊
(ည) ပြည်သူလူထုအား ဝန်ဆောင်မှုပေးခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဋ) ပိုင်ရှင်မရှိသောပစ္စည်းများကို ထိန်းသိမ်း၍ ပိုင်ရှင်စုံစမ်းရှာဖွေခြင်းနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ စီမံခန့်ခွဲမှုရယူခြင်း။
၁၉။ ရဲတပ်ဖွဲ့ဝင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –
(က) အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့်၊
(ခ) တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အများပြည်သူဆိုင်ရာနေရာများနှင့် အများပြည်သူတို့ပျော်ရွှင်မှုအတွက် စုဝေးရာနေရာများသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ခွင့်၊
(ဂ) တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် ဤဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်ခွင့်၊
(ဃ) နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နည်းဥပဒေများ၊ ရဲလက်စွဲများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ခွင့်၊
(င) တည်ဆဲဥပဒေချိုးဖောက်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခွင့်။
၂၀။ ရဲစခန်းမှူးနှင့်အထက် ရဲအရာရှိတစ်ဦးဦးသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် စစ်ဆေးရန် လိုအပ်သော နေအိမ်၊ အဆောက်အအုံ၊ ဝင်းခြံ၊ ပရဝဏ်နှင့် ယာဉ်တစ်ခုခုသို့ လုံလောက်သောအကြောင်းပြချက်ဖြင့် ဥပဒေနှင့်အညီ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည် သို့မဟုတ် ထိုသို့ ဝင်ရောက်စစ်ဆေးရန် ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးကို လွှဲအပ်နိုင်သည်။

## အခန်း(၇)
## လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ဆောင်ရွက်ခြင်း

၂၁။ ရဲတပ်ဖွဲ့သည် မြို့၊ ရွာများလုံခြုံရေး၊ အများပြည်သူတို့၏ အသက်၊ အိုးအိမ်နှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ လုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးရမည်။
၂၂။ ရဲတပ်ဖွဲ့သည် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေသည့် သို့မဟုတ် ထိခိုက်နစ်နာစေသည့် ကိစ္စရပ်များနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နစ်နာစေနိုင်သော မည်သည့်ကိစ္စကိုမဆို ကြိုတင်ကာကွယ်တားဆီးရမည့်အပြင် ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှရရှိစေရန် ဆောင်ရွက်ပေးရမည်။
၂၃။ ရဲတပ်ဖွဲ့သည် အများပြည်သူအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြစ်မှုကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။
၂၄။ ရဲတပ်ဖွဲ့သည် နိုင်ငံဖြတ်ကျော်မှုခင်းများကို သက်ဆိုင်ရာဌာနများနှင့်ဖြစ်စေ၊ လိုအပ်ပါက နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်း၍ တားဆီးကာကွယ် အရေးယူဆောင်ရွက်ရမည်။

## အခန်း(၈)
## လေ့ကျင့်သင်ကြားရေး

၂၅။ ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်တိုးတက်မြင့်မားစေရန် လေ့ကျင့်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စီမံဆောင်ရွက်ရမည် –
(က) ရဲတပ်ဖွဲ့ဆိုင်ရာ ရဲလေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ခြင်း၊
(ခ) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ ဘာသာစကား၊ လူမှုဆက်ဆံရေးအပါအဝင် အခြားအသိပညာ၊ အတတ်ပညာရပ်များနှင့် နည်းပညာရပ်များကို ဘက်စုံသင်ကြားပေးနိုင်မည့် နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ခြင်း၊
(ဂ) ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်းပြည်ပ တက္ကသိုလ်များတွင် ရဲလုပ်ငန်းပညာရပ်၊ ဥပဒေ၊ ဘာသာစကားနှင့် အခြားအတတ်ပညာရပ်များ တက်ရောက်သင်ကြားစေခြင်း၊
(ဃ) ရဲတပ်ဖွဲ့ဝင်များကို အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊
(င) ရဲတပ်ဖွဲ့ဝင်များကို ပြည်ပသင်တန်းများ စေလွှတ်တက်ရောက်စေခြင်း၊
(စ) ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်း၊
(ဆ) ရဲတပ်ဖွဲ့ဝင်များ၏ အရည်အသွေးတိုးတက်စေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု၊ ဘက်စုံပညာရပ်များ မြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများကို အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊
(ဇ) နိုင်ငံတကာတွင် ပြောင်းလဲကျင့်သုံးနေသော ရဲလုပ်ငန်းစနစ်များ၊ ရဲတပ်ဖွဲ့ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို အမြဲလေ့လာသုံးသပ်၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် လေ့ကျင့်သင်ကြားရေးမူဝါဒများ၊ ရေတိုရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(ဈ) ရဲတပ်ဖွဲ့၏ လေ့ကျင့်ရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာ၊ ငွေကြေး၊ ပစ္စည်းကူညီထောက်ပံ့မှုများ ရယူခြင်း။
၂၆။ ရဲတပ်ဖွဲ့ဝင်တိုင်းသည် သတ်မှတ်ထားသည့် သင်တန်းများကို တက်ရောက်ရမည်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

**အခန်း (၉)**

**ရဲတပ်ဖွဲ့ဝင်၏ အခွင့်အရေးများ**

၂၇။ (က) ရဲတပ်ဖွဲ့ဝင်သည် အောက်ပါအခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(၁) အလုပ်တည်မြဲခွင့်၊

(၂) လုပ်ငန်းခွင် အာမခံချက်ရရှိခွင့်၊

(၃) လုပ်အား၊အတတ်ပညာ၊တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်၊

(၄) ရာထူးတိုးမြှင့်ခွင့်၊

(၅) ပညာလေ့လာဆည်းပူးခွင့်၊

(၆) ခွင့်ခံစားခွင့်၊

(၇) ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(၈) ဆေးစစ်ဆေးခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(၉) အငြိမ်းစားယူခွင့်၊

(၁၀) တာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သော ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

(၁၁) အမျိုးသမီးရဲတပ်ဖွဲ့ဝင်ဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသားရဲတပ်ဖွဲ့ဝင်များနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊

(၁၂) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(၁၃) ရဲတပ်ဖွဲ့ဝင်၏ ခံစားခွင့် ဆုံးရှုံးနစ်နာမှုများနှင့် စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံဝင်ခွင့်၊

(၁၄) ရာထူးအနွယ် ပိုင်ဆိုင်ခွင့်၊

(၁၅) ကူးပြောင်းချိန် ခံစားခွင့်၊

(၁၆) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊

(၁၇) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊

(၁၈) မသန်စွမ်းရဲတပ်ဖွဲ့ဝင်နှင့် ကျဆုံးရဲတပ်ဖွဲ့ဝင်၏ မိသားစုသည် နိုင်ငံတော်၏ ထောက်ပံ့မှုကို ရယူခံစားနိုင်ခွင့်၊

(၁၉) သတ်မှတ်လုပ်သက်ပြည့်ပါက နုတ်ထွက်နိုင်ခွင့်၊

(၂၀) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့်။

(ခ) ရဲချုပ်သည် ပုဒ်မခွဲ(က)ပါ အခြေခံအခွင့်အရေးများနှင့် စပ်လျဉ်း၍ လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

**အခန်း(၁၀)**

**ရာထူးတိုးမြှင့်ခြင်း**

၂၈။ ဝန်ကြီးဌာနသည် ရဲတပ်ဖွဲ့ဝင်၏ ရာထူးတိုးမြှင့်ရေးအတွက် အနည်းဆုံးလိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးနှင့် လုပ်သက်သတ်မှတ်ချက်များကို သတ်မှတ်ထားရမည်။

၂၉။ (က) ရဲတပ်ဖွဲ့ဝင်သည်-

(၁) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်လျှင် သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ရာထူးတိုးမြှင့်ခံစားပိုင်ခွင့်ရှိသည်။

(၂) ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်။

(၃) အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုပေါ်မူတည်၍ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်သည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်။

(၄) အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်ချက်အရ ရဲတပ်ဖွဲ့ဌာနချုပ်က ရေးဆွဲအတည်ပြုထားသည့် တန်းစီဇယားတွင် ပါဝင်ပြီး ရာထူးတိုးမြှင့်ပေးရန် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

(ခ) ဌာနပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော်လည်း ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအင်အားတွင် ပါဝင်ပါက ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည်။

၃၀။ ပြန်တမ်းဝင်ရဲအရာရှိ အဆင့်ဆင့်ရာထူးတိုးမြှင့်ရာတွင် ရဲတပ်ဖွဲ့ဌာနချုပ်က အတည်ပြုထားသော တန်းစီဇယားတွင် ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်အား ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရမည်။

၃၁။ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ရာထူးတိုးမြှင့်ပေးရာတွင် လက်ရှိရာထူးနှင့် တစ်ဆင့်မြင့်ရာထူးအတွက် သတ်မှတ်ထားသည့် သင်တန်းတက်ရောက်ပြီးသည့် ရဲတပ်ဖွဲ့ဝင်အား ဦးစားပေးစဉ်းစားရမည်။

၃၂။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံစေကာမူ ယင်းအား ရာထူးတိုးမြှင့်ပေးခြင်း မပြုရ -

(က) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း ခံရသည့်နေ့မှ ခြောက်လအတွင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ နှစ်တိုးလစာ ရပ်ဆိုင်းသည့်ကာလအတွင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုး အပြည့်အဝကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးလျော်ရသောကိစ္စမျိုးတွင် ဆုံးရှုံးမှုတန်ဖိုးကို ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်သည့်နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကြေပေးလျော်သည့်နေ့၊ ထိုနေ့နှစ်ခုတို့အနက် စောရာနေ့အထိ၊

(ဃ) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့် လျှော့ချခြင်းခံရလျှင် မူလ လစာအဆင့်သို့ ပြန်လည်မရောက်မချင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ သော်လည်းကောင်း အရေးယူခံနေရစဉ်ကာလအတွင်း၊

(စ) ရာထူးလျှော့ချသည့်ပြစ်ဒဏ် ပေးခြင်းခံရပါက ယင်းရာထူးလျှော့ချသည့် အမိန့်ပါ သတ်မှတ်ကာလအတွင်း၊

(ဆ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်းခံရစဉ်ကာလအတွင်း၊

(ဇ) ဆေးအဆင့်(က) မရှိခြင်း၊

(ဈ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းသည့် ကာလအတွင်း၊

(ည) အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်လျှော့ချပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင် ယင်းပြစ်ဒဏ်ချမှတ်ခံရသည့်နေ့မှ ခြောက်လအတွင်း။

**အခန်း(၁၁)**

**ချီးမြှင့်ခြင်း**

၃၃။ ရဲချုပ်သည် -

(က) တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်အား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်နှစ်တိုးလစာ ချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ရဲတပ်ဖွဲ့ဝင်အား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြနိုင်သည်။

(ဂ) ချိန်နှုန်းလစာ ရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်အား ချီးမြှင့်သည့်အနေဖြင့် အချိန်မစေ့မီ ကြိုတင်နှစ်တိုးကို တစ်ဆင့်ဖြစ်စေ၊ တစ်ဆင့်ထက်ပို၍ဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၄။ ရဲချုပ်သည် ကြိုတင်နှစ်တိုးခွင့်ပြုနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြန်တမ်းဝင်ရဲအရာရှိအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိမဟုတ်သည့် ရဲတပ်ဖွဲ့ဝင်အားလည်းကောင်း အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ဆောင်ရွက်ရမည်-

(က) ရာထူးအတွက် သာမန်အားဖြင့် လိုအပ်သောအရည်အချင်းထက် ထူးကဲသာလွန်သော အရည်အချင်းနှင့် အတွေ့အကြုံများ ဆည်းပူးရရှိထားသည့်သူကို ရဲတပ်ဖွဲ့ဝင်အဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦးလစာတိုးမြှင့်သတ်မှတ်ပေးသင့်သည့်ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ရဲတပ်ဖွဲ့ဝင်ကို ချီးမြှင့်ထိုက်သည့်ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူးတစ်ခုခုကြောင့် ရဲတပ်ဖွဲ့ဝင်ကို ကြိုတင်နှစ်တိုးပေးသင့်သည့်ကိစ္စဖြစ်ခြင်း။

၃၅။ ရဲချုပ်သည် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကိုထမ်းဆောင်ရာတွင် စွမ်းစွမ်းတမံ၊ သက်စွန့်ကြိုးပမ်းဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်အား ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဖြင့် စိစစ်ပြီး ထိုက်သင့်သော ရာထူးအဆင့်တိုးမြှင့်၍ ချီးမြှင့်နိုင်သည်။ ရာထူးအဆင့်တိုးမြှင့်ချီးမြှင့်ခြင်းခံရမည့် ပြန်တမ်းဝင်ရဲအရာရှိဖြစ်ပါက ဝန်ကြီးဌာနသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

**အခန်း(၁၂)**

**ခွင့်ခံစားခြင်း**

၃၆။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါခွင့်အမျိုးအစားများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါ ကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) ပညာလေ့လာဆည်းပူးခွင့်။

၃၇။ ရဲတပ်ဖွဲ့ဝင်သည်-

(က) ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။

(ခ) အစမ်းခန့်ကာလတွင် သတ်မှတ်ထားသည့်ခွင့်ကို ခံစားခွင့်ရှိသည်။

(ဂ) ခွင့်ခံစားနေစဉ် မိမိအားခွင့်ပြုထားသည့် ခွင့်ကာလမကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်ရမည်။

(ဃ) ခွင့်ကာလကုန်ဆုံးသော်လည်း တာဝန်ပြန်လည်ထမ်းဆောင်ခြင်းမရှိပါက ကျော်လွန်သည့်ကာလအတွက် ခွင့်လစာခံစားခွင့်မရှိ။

(င) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်မဲ့ပျက်ကွက်ပါက ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခံရမည်။

၃၈။ ခွင့်ပေးပိုင်ခွင့်ရှိသူသည် -

(က) အများပြည်သူအကျိုးငှာ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်တစ်ဦးတောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေသော ရဲတပ်ဖွဲ့ဝင်ကို ပြန်လည်ခေါ်ယူခြင်း ပြုနိုင်သည်။

(ခ) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ခံစားနေသည့် ရဲတပ်ဖွဲ့ဝင်အား ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိခဲ့စေကာမူ ယင်း၏ အငြိမ်းစားယူခွင့် လျှောက်ထားခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

၃၉။ ရဲတပ်ဖွဲ့ဝင်သည် -

(က) အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။

(ခ) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီ တောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစားယူရမည့် နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိရမည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

**အခန်း(၁၃)**

**စည်းကမ်းထိန်းသိမ်းရေး**

၄၀။ ရဲတပ်ဖွဲ့ဝင်တိုင်းသည် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရဲကျင့်ဝတ်နှင့် ရဲတပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၁။ ရဲတပ်ဖွဲ့ဝင်သည် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယင်းဥပဒေအရသာလျှင် အရေးယူရမည်။ အခြားပြစ်မှုကို ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူရမည်။

၄၂။ ရဲတပ်ဖွဲ့ဝင်အား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူရန် လိုအပ်ပါက–

(က) ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးအရေးယူမှုဖြစ်ပြီး တာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်လျှင် ရဲချုပ်ထံမှ တရားစွဲဆိုခွင့်ပြုမိန့်ရယူရမည်။

( ခ) အခြားတရားစွဲ အဖွဲ့အစည်းတစ်ခုခုက စုံစမ်းစစ်ဆေးအရေးယူမှုဖြစ်လျှင် ရဲချုပ်ထံမှ ဖမ်းဆီးချုပ်နှောင်ခွင့်နှင့် တရားစွဲဆိုခွင့် ရယူရမည်။

၄၃။ (က) ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူပေးရန် နစ်နာသူတစ်ဦးဦးက တရားရုံးသို့ လျှောက်ထားလာပါက တရားရုံးသည် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ စာဖြင့် အသိပေးအကြောင်းကြားရမည်။ ယင်းတပ်ဖွဲ့ဝင်အပေါ် အပြီးသတ် အမိန့်ချမှတ်သည့်အခါ စီရင်ချက်မိတ္တူတစ်စောင်ကို သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ ပေးပို့ရမည်။

( ခ) ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သက်ဆိုင်ရာ ကြီးကြပ်အုပ်ချုပ်သောအရာရှိထံ ရက်ပေါင်း ၃၀ စာဖြင့် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ၎င်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် နစ်နာမှုတစ်ခုခုအတွက် မည်သည့်တရားရုံးတွင်မျှ တရားမမှုစွဲဆိုခွင့် မရှိစေရ။

၄၄။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားရုံးတစ်ခုခုက စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်းအတွက် ဆင့်ခေါ်ခြင်းမှအပ ဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ စုံစမ်းစစ်ဆေးရန် စာဖြင့် ဆက်သွယ်ညှိနှိုင်းအကြောင်းကြားလာပါက သက်ဆိုင်ရာရဲတပ်ဖွဲ့သည် ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

**အခန်း(၁၄)**

**အငြိမ်းစားယူခြင်း**

၄၅။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါပင်စင်အမျိုးအစားများအနက် တစ်မျိုးမျိုးကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်–

(က) သက်ပြည့်ပင်စင်၊

( ခ) နှစ်ပြည့်ပင်စင်၊

( ဂ) လျော့ပေါ့ပင်စင်၊

(ဃ) နာမကျန်းပင်စင်၊

( င) အထူးပင်စင်။

၄၆။ (က) ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် –

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် (၆၀) နှစ်ပြည့်သောအခါ အငြိမ်းစားယူရမည်ဖြစ်ပြီး သက်ပြည့်ပင်စင်ခံစားခွင့် ရှိစေရမည်။

(၂) အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း လုပ်သက်နှစ် ၃၀ ပြည့်သည့်အခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။

(၃) အသက် ၅၅ နှစ်ပြည့်ပြီး လုပ်သက် နှစ် ၂၀ ကျော်လွန်လျှင် သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီး လုပ်သက် ၂၅ နှစ် ကျော်လွန်လျှင် သော်လည်းကောင်း လျော့ပေါ့ပင်စင်ခံစားခွင့် တောင်းခံနိုင်သည်။

(၄) မကျန်းမာ၍တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသည့် ဆေးအဖွဲ့၏ထောက်ခံချက်ဖြင့် နာမကျန်းပင်စင်ခံစားခွင့်ရှိစေရမည်။

(၅) ပုဒ်မခွဲငယ် (၁)မှ (၄)ထိ ပင်စင်တစ်မျိုးမျိုးကို ခံစားခွင့်ရရှိရန် သတ်မှတ်ထားသည့် လုပ်သက်ပြည့်မီခြင်းမရှိပါက လုပ်သက်ဆုငွေ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

( ခ) တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရရှိ၍ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ၊ ကျဆုံးသွားလျှင်ဖြစ်စေ၊ သတ်မှတ်လုပ်သက်မပြည့်မီသော်လည်း ယင်းတပ်ဖွဲ့ဝင်အား သို့မဟုတ် ကျဆုံးတပ်ဖွဲ့ဝင်၏ မိသားစုအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အထူးပင်စင်ခံစားခွင့်ပြုနိုင်သည်။

၄၇။ ရဲတပ်ဖွဲ့ဝင်သည် ပုဒ်မ ၄၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ နှစ်ပြည့်ပင်စင် တောင်းခံသည့်အခါ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။

၄၈။ ပင်စင်နှင့် လုပ်သက်ဆုငွေတို့ကို ခွဲခြား၍ သုံးစွဲသည့်အခါမှတစ်ပါး ပင်စင်ဟူသော ဝေါဟာရတွင် လုပ်သက်ဆုငွေလည်း ပါဝင်သည်။

၄၉။ ရဲတပ်ဖွဲ့ဝင်တစ်ဦး အမှုထမ်းနေစဉ်ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူမိသားစုသည် မိသားစုပင်စင်ခံစားခွင့်ရှိသည်။

၅၀။ ရဲတပ်ဖွဲ့ဝင်သည် နာမကျန်းပင်စင်ယူပြီးနောက် ပြန်လည်ခန့်ထားခံရလျှင်ဖြစ်စေ၊ ရာထူးမှ ထုတ်ပစ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ကို ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အသနားခံခြင်းကြောင့် ပြန်လည်ခန့်ထားခြင်းခံရလျှင်ဖြစ်စေ ယင်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကို ပင်စင် ကိစ္စအလို့ငှာ သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းရေတွက် ခွင့်ပြုနိုင်သည်။

၅၁။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခံနေရစဉ်အတွင်း အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ အပြီးသတ်အမိန့် မချမှတ်ရသေးမီ အငြိမ်းစားယူခွင့်မပြုရ။

၅၂။ ရဲတပ်ဖွဲ့ဝင်သည်–

(က) လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်ကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

( ခ) ဆန္ဒပြုပါက သက်ဆိုင်ရာဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိသည်။

၅၃။ မသန်စွမ်းရဲတပ်ဖွဲ့ဝင်နှင့် ကျဆုံးရဲတပ်ဖွဲ့ဝင်များ၏ မှတ်တမ်းဝင် အမွေခံစားခွင့်ရှိသူသည် ပင်စင်ခံစားနိုင်ခွင့်ရှိသည့်အပြင် နိုင်ငံတော်မှ ပေးအပ်သည့် ထောက်ပံ့မှုတစ်ရပ်ရပ်ကိုလည်း သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိသည်။

၅၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၃ အရ ထောက်ပံ့မှုရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်။

**အခန်း(၁၅)**

**ရဲတပ်ဖွဲ့ဝင်မှတ်တမ်း**

၅၅။ ရဲတပ်ဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်မှ အငြိမ်းစားယူသည်အထိ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ဖြစ်စဉ်မှတ်တမ်းကို သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၅၆။ ရဲတပ်ဖွဲ့ဝင်သည် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်လျှင် ယင်း၏ဖြစ်စဉ်မှတ်တမ်းကို ကူးပြောင်းတာဝန်ထမ်းဆောင်သည့် ဌာနသို့ ပေးပို့ရမည်။

**အခန်း(၁၆)**

**ထောက်ပံ့ရေးနှင့် ဖြည့်တင်းရေး**

၅၇။ ရဲချုပ်သည် ရဲတပ်ဖွဲ့အတွက် လိုအပ်သော နေအိမ်၊ ရုံး၊ အဆောက်အအုံ၊ ယာဉ်၊ ခေတ်မီစက်ကိရိယာ၊ အသုံးအဆောင်ပစ္စည်းနှင့် လုပ်ငန်းအသုံးစရိတ်များ ဖြည့်တင်းပေးနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၈။ ရဲတပ်ဖွဲ့ဝင်၏ ဝတ်စုံ၊ ချပ်ဝတ်တန်ဆာ၊ ရာထူးအဆင့်တံဆိပ် အပါအဝင် အမှတ်အသားတံဆိပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်နှင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်အသုံးပြုရမည်။

၅၉။ ရဲတပ်ဖွဲ့သည် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများထံမှ နည်းပညာ၊ ငွေကြေး၊ ပစ္စည်းနှင့်အခြား ကူညီထောက်ပံ့မှုများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

**အခန်း (၁၇)**

**စည်းကမ်းသေဝပ်တည်ငြိမ်ရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး ဆိုင်ရာ အရေးယူပိုင်ခွင့်များ**

၆၀။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ပါက ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူ ပိုင်ခွင့်ရှိသည်–

(က) အများပြည်သူဆိုင်ရာနေရာ သို့မဟုတ် လမ်း၊ ဘာသာရေးပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ပွဲလမ်းသဘင်အခမ်းအနားများ ကျင်းပသည့်နေရာတွင် တမင်လမ်းပိတ်ဆို့မှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် စည်းကမ်းသေဝပ်တည်ငြိမ်မှု ပျက်ပြားစေရန် ပြုမူဆောင်ရွက်ခြင်း၊

( ခ) အများပြည်သူဆိုင်ရာ နေရာများ၊ ပွဲလမ်းသဘင်များ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဘာသာရေးပွဲများ၌ အန္တရာယ်ပြုနိုင်သည့် ပစ္စည်းကိရိယာများ ကိုင်တွယ်ယူဆောင်ခြင်း၊

( ဂ) အများပြည်သူဆိုင်ရာနေရာ သို့မဟုတ် လမ်းတွင် ရှိနေသူများကိုဖြစ်စေ၊ ခရီးသည်များကိုဖြစ်စေ အဟန့်အတားဖြစ်စေရန်၊ စိတ်ငြိုငြင်စေရန်၊ ဘေးဖြစ်စေရန်၊ စိုးရိမ်ဖွယ်ဖြစ်စေရန် သို့မဟုတ် နစ်နာစေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း–

(၁) ကျွဲ၊ နွား တိရစ္ဆာန်ကို မဆင်မခြင် မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာစီးခြင်း၊ ထိန်းကျောင်းခြင်း သို့မဟုတ် လေ့ကျင့်ခြင်း၊

(၂) ကျွဲ၊ နွား တိရစ္ဆာန်အသေကောင်ကို ဖျက်ခြင်း၊

(၃) ကျွဲ၊ နွား တိရစ္ဆာန်ကို ရက်စက်စွာ ရိုက်နှက်ခြင်း သို့မဟုတ် ညှဉ်းပန်းခြင်း၊

(၄) ကျွဲ၊ နွား တိရစ္ဆာန်ကိုဖြစ်စေ၊ ယာဉ်ရထားတစ်မျိုးမျိုးကိုဖြစ်စေ ကုန်တင်၊ ကုန်ချ သို့မဟုတ် ခရီးသည်အတက်အဆင်းပြုလုပ်ရန် လိုအပ်သည့် အချိန်ထက်ပို၍ ရပ်တန့်ထားခြင်း၊

(၅) ကုန်တင်ကုန်ချရေးအတွက် ခွင့်ပြုထားသော အချိန်ထက်ကျော်လွန်၍ လမ်းမ၊ မြေလမ်း စသည်တို့ပေါ်တွင် မည်သည့်ကုန်ပစ္စည်းများမဆို ထားရှိခြင်းအားဖြင့် အများပြည်သူအား အတားအဆီးအနှောင့်အယှက်ဖြစ်စေခြင်း၊

(၆) အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ သတ်ပုတ်နှောင့်ယှက်ခြင်း၊ ငြိမ်ဝပ်ပိပြားမှုပျက်ပြားစေခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားရန်စခြင်း သို့မဟုတ် ရိုင်းပျသည့် ကိုယ်နှုတ်အမူအရာ ပြုလုပ်ခြင်း။

(ဃ) ရဲတပ်ဖွဲ့ဝင်တစ်ဦးက အောက်ပါနေရာတစ်ခုခုတွင် မသင်္ကာဖွယ်ရာတွေ့ရှိ၍ မေးမြန်းသည့်အခါ ထိုသူသည် ထိုနေရာသို့ မည်သည့်အတွက် ရောက်ရှိနေကြောင်း ခိုင်လုံစွာဖြေကြားရန် ပျက်ကွက်ခြင်း–

(၁) နေဝင်ချိန်နှင့် နေထွက်ချိန်အကြား ဈေး၊ လမ်း၊ နောက်ဖေးလမ်းကြား၊ ဝင်းခြံတစ်ခုခု၊

(၂) လူနေအိမ် သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ ဥပစာအတွင်း သို့မဟုတ် ရေယာဉ် သို့မဟုတ် ယာဉ်တစ်ခုခု၊

(၃) မျက်နှာဖုံးအုပ်၍သော်လည်းကောင်း၊ ရုပ်ဖျက်၍သော်လည်းကောင်း နေဝင်ချိန်နှင့် နေထွက်ချိန်အကြား သွားလာနေသည်ကို တွေ့ရှိရသူ။

( င) အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေရန် လမ်းများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း–

(၁) နေဝင်ပြီးချိန်နှင့်နေမထွက်မီ အချိန်ကာလအတွင်း လုံလောက်ကျနစွာ တပ်ဆင်ထားသော မီးတစ်စုံတစ်ရာမပါရှိသည့် မည်သည့်ယာဉ်မျိုးကိုမဆို မောင်းနှင်စီးနင်းသွားလာခြင်း၊

(၂) အခါကာလအားလျော်စွာ ခွင့်ပြုသော အချိန်များနှင့်နေရာ၊ အလုပ်များမှအပ အနှောင့်အယှက်ဖြစ်စေလောက်အောင် ဘင်၊ မောင်း စသည်တို့ကို တီးခတ်ခြင်း သို့မဟုတ် ခရုသင်း၊ ခရာ၊ လေမှုတ်ကိရိယာများကို မှုတ်ခြင်း သို့မဟုတ် ကြေး၊ အိုးခွက် စသည်များကို တီးခေါက်ခြင်း စသည့် အများပြည်သူစိတ်ငြိုငြင်စေရန် ပြုလုပ်ခြင်း၊

(၃) ဘောလုံးကန်ခြင်း၊ စွန်လွှတ်ခြင်း၊ အခြားအားကစားနည်းမျိုးကို ပြုလုပ်ခြင်း၊

(၄) တောင်းရမ်းခြင်း သို့မဟုတ် လိမ်လည်အလှူခံခြင်း။

( စ) အဆောက်အအုံအတွင်းမှဖြစ်စေ၊ အပြင်မှဖြစ်စေ၊ အများပြည်သူစိတ်ငြိုငြင်စေရန်၊ အနှောင့်အယှက်ဖြစ်စေရန် အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုတစ်ခုခုဖြင့်ဖြစ်စေ ပြုလုပ်ခြင်း၊

(ဆ) ခိုးရာပါပစ္စည်းဖြစ်သည်ဟု သင်္ကာမကင်းရန်ရှိသော ပစ္စည်းတစ်ခုခုကို လက်ရှိထားကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် သယ်ယူပို့ဆောင်ကြောင်းတွေ့ရှိ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးက မေးမြန်းသည့်အခါ ထိုပစ္စည်းမိမိလက်ဝယ်၌ ရှိခြင်းအကြောင်းကို ခိုင်လုံစွာ ဖြေကြားရန် ပျက်ကွက်ခြင်း၊

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

(ဈ) ပြည်သူပိုင်၊ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် အဆောက်အအုံ၊ နံရံ၊ ဝင်းထရံ သို့မဟုတ် ပစ္စည်းတစ်ခုခုပေါ်တွင် တာဝန်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူ၏ သဘောတူညီမှု မရရှိဘဲဖြစ်စေ ကြော်ငြာကပ်ခြင်း၊ မြေဖြူ ဆေး၊ အခြားတစ်နည်းနည်းဖြင့် ရေးသားခြင်း၊ ရေးဆွဲခြင်းနှင့် အသွင်ပြောင်းလဲစေခြင်း၊

(ည) ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးက ဥပဒေနှင့်အညီ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သို့မဟုတ် ဆောင်ရွက်ရန်အားထုတ်ရာတွင် မလျော်ဩဇာသုံး၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ မဖွယ်မရာပြောဆိုခြင်း၊ ခုခံခြင်း သို့မဟုတ် တားဆီးခြင်း။

၆၁။ (က) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ)ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဂ)ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဃ)အရ ခိုင်လုံစွာ ဖြေကြားရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မခွဲ(စ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဆ) အရ ခိုင်လုံစွာ ဖြေကြားရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်ထိ ချမှတ်ရမည်။

(စ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဈ)ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဆ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ည)ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ချမှတ်ရမည်။

## အခန်း (၁၈)
## အထွေထွေ

၆၂။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အပါအဝင် မည်သူမဆို စုပေါင်းအိမ်ရာ၊ ဈေး၊ လူအများအပြားစုဝေးအသုံးပြုမည့် အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ပါက –

(က) အဆောက်အအုံ၏ ပုံစံနှင့်ဖွဲ့စည်းပုံကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရမည်။

(ခ) လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်ပါက ရဲတပ်ဖွဲ့သို့ အကြံပြုချက်များ တောင်းခံနိုင်သည်။

၆၃။ တာဝန်ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် အကျိုးခံစားခွင့်ကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၆၄။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ကျူးလွန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ ထက် ကျော်လွန်ပါက တရားစွဲဆိုခြင်းမပြုရ။

၆၅။ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ခန့်အပ်ထားသည့် ရဲတပ်ဖွဲ့ဝင်မဟုတ်သော နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၆၆။ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများသည် အပ်နှင်းထားသော သီးခြားတာဝန်များကို ဆောင်ရွက်ရန် လုပ်ငန်းလက်စွဲများကို ရေးဆွဲထားရှိရမည်။

၆၇။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်းနှင့် ရဲကင်းစခန်းများတွင် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်များ၌ ရေးသွင်းရမည်။

၆၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

(ဂ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့သည် ရဲလုပ်ငန်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ရဲလက်စွဲကို လိုအပ်သလို ပြုစုရေးဆွဲ ထုတ်ပြန်နိုင်သည်။

၆၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် –

(က) The Yangon Police Act, 1899, (Act IV,1899 Vol 1.)

(ခ) The Police Act, 1945, (Act VI,1945 Vol 1.)

(ဂ) ၁၉၅၉ ခုနှစ်၊ ကရင်ပြည်နယ်ရဲအဖွဲ့အက်ဥပဒေ (ကရင်ပြည်နယ်အက်ဥပဒေအမှတ်၊ ၂/၁၉၅၉)

(ဃ) ၁၉၅၉ ခုနှစ်၊ ကယားပြည်နယ်ရဲအဖွဲ့အက်ဥပဒေ (ကယားပြည်နယ်အက်ဥပဒေအမှတ်၊ ၄/၁၉၅၉)

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် ပါဝင်လိုသူများ ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် မတ် ၂၅**

ဥရောပသမဂ္ဂ ( European Union)၏ ပံ့ပိုးကူညီမှုဖြင့် Biodiversity Conservation and Management of Protected Area in ASEAN (BCAMP) နှင့် ASEAN Center for Biodiversity(ACB)တို့မှ ကြီးမှူးကျင်းပသည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် ( Young ASEAN Storytellers Programme) အား ၂၀၂၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်တွင် ပါဝင်လိုသောလူငယ်ပညာရှင်များအနေဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ Online Application Channel https://aybp.asean biodiversity.org/yas မှတစ်ဆင့် လျှောက်ထားနိုင်ပြီး ပါဝင်လိုသူများသည် အသက် (၁၈)နှစ်မှ အသက် (၃၅)နှစ်ကြား အာဆီယံနိုင်ငံသားဖြစ်ရမည်။ ထို့ပြင် သက်ဆိုင်ရာ ဒေသဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့အား ကျွမ်းကျင်ပိုင်နိုင်စွာပြောဆို၊ ရေးသားနိုင်၍ အစီအစဉ်အားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သူ (လူကိုယ်တိုင်ပါဝင်ခြင်း/ Online မှတစ်ဆင့် ပါဝင်ခြင်း) ဖြစ်ရမည်။

အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ လူငယ်နှစ်ဦးစီအားရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် လူငယ်များသည် မိမိတို့နိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park–AHP) များ၌ တိရစ္ဆာန်မျိုးစိတ်များ၊ အပင်မျိုးစိတ်များ၊ သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနေပုံကို ဓာတ်ပုံဖြင့်ဖြစ်စေ၊ ဗီဒီယိုဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အနုပညာလက်ရာဖန်တီးမှုတစ်ခုခု (ပန်းချီ/ လက်မှုပညာ) ဖြင့်ဖြစ်စေ၊ အခြားဖန်တီးမှုတစ်ခုခု (ဥပမာ–ပုံရိပ်ယောင် နည်းပညာ/ ကာတွန်း/ အချက်အလက်များဖြင့်တင်ပြခြင်း) ဖြင့်ဖြစ်စေ အာဆီယံပြည်သူလူထုထံသို့ သတင်းမီဒီယာများမှတစ်ဆင့် ပြန်လည်မျှဝေပေးရမည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်ပါဝင်လိုသူများအနေဖြင့် အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို https://aybp.asean biodiversity.org/yas တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန၊ ဖုန်းနံပါတ် ၀၉–၄၃၁၃၉၄၂၂ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း ဥရောပ-အာရှ စီးပွားရေးကော်မရှင်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ဥရောပ–အာရှ စီးပွားရေးကော်မရှင်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံများအကြား ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

**သတင်းစဉ်**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# အာဖဂန်နစ္စတန်နိုင်ငံ၌ မိန်းကလေးကျောင်းများ ပြန်ဖွင့်ရန် အမေရိကန်နှင့် မဟာမိတ်များ ဖိအားပေး

**ကာဘူးလ် မတ် ၂၅**

အမေရိကန်ပြည်ထောင်စုနှင့် အခြားသော အနောက်နိုင်ငံများသည် အာဖဂန်နစ္စတန်၌ မိန်းကလေးကျောင်းများ ပြန်ဖွင့်ပြီးနောက်မကြာမီ ပြန်ပိတ်ရန် ဆုံးဖြတ်ခဲ့သည့် တာလီဘန်တို့၏ ဆုံးဖြတ်ချက်ကို ရှုတ်ချခဲ့သည်။

ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ နော်ဝေနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ သည် ပူးတွဲကြေညာချက် ထုတ်ပြန် ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်မှာ တာလီဘန်တို့၏ အလယ်တန်းမိန်းကလေးကျောင်းများပိတ်ရန် ဆုံးဖြတ်ချက်ကြောင့် တာလီဘန်တို့လိုလားလျက်ရှိသော တရားဝင် အဖွဲ့အစည်းဖြစ်ရန် ရည်မှန်းချက်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် လေးစားဖွယ်အဖွဲ့ဝင်ဖြစ်လာရန် ရည်မှန်းချက်ကိုထိခိုက်စေလိမ့်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

ကန်ဒဟာပြည်နယ်တွင် တာလီဘန် အဆင့်မြင့်အရာရှိကြီးများ မတ် ၂၂ ရက်က အစည်းအဝေးပြုလုပ်ပြီးနောက် မိန်းကလေးကျောင်းများကို ဆက်လက်ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ ဆရာများ၏လစာထောက်ပံ့မှုရရှိရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ လနှင့်ချီ၍ကြိုးပမ်းပြီးနောက် ခုနစ်လတာကာလအတွင်း အာဖဂန်မိန်းကလေးများသည် စာသင်ကျောင်းသို့ ပြန်လာရန် စိတ်အားထက်သန်ခဲ့ကြသည်။

တာလီဘန်တို့ဘက်မှ ယခုကဲ့သို့ ပြုမူလိုက်ခြင်းဖြင့် နိုင်ငံရေးအရ ထောက်ခံမှုရရှိရန်နှင့် ပြည်တွင်းပြည်ပတွင် တရားဝင်အသိအမှတ်ပြု ခံရမှုတို့အတွက် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်သည်ဟု အနောက်နိုင်ငံများက သတိပေးထားသည်။

**အေအက်ဖ်ပီ**



စာသင်ကျောင်းမှထွက်ခွာလာသည့် မိန်းကလေးငယ်များကို တွေ့ရစဉ်။

# တူရကီနိုင်ငံတောင်ပိုင်း၌ ပေါက်ကွဲမှုကြောင့် ၁၅ ဦးထက်မနည်း ဒဏ်ရာရ

**အင်ကာရာ မတ် ၂၅**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဒိုင်ရာဘာကီပြည်နယ် စက်မှုဇုန်တစ်နေရာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် လူ ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံ ဒီအိတ်ချ်အေ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

တတိယ စီးပွားရေးဇုန်နေရာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါနေရာမှာ ကာယာပီနာခရိုင်အလယ်ပိုင်းတွင် တည်ရှိသည်။ လုပ်ငန်းခွင်အတွင်း ပေါက်ကွဲမှုဖြစ်စဉ်မှာ အောက်ဆီဂျင် ဆလင်ဒါနှင့် ဆက်စပ်မှုရှိကောင်း ရှိနိုင်သည်ဟု အဆိုပါသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။




ပေါက်ကွဲမှုကြောင့်အပျက်အစီးများကိုတွေ့ရစဉ်။

ပေါက်ကွဲမှု ဖြစ်ပွားရာနေရာသို့ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ရဲများ ရောက်ရှိလာကြပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ အချို့မှာ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ကြသည်ဟု သိရသည်။

**ဆင်ဟွာ**

## ဩစတြေးလျနိုင်ငံ၌ ထိခိုက်လွယ်သူများအတွက် စတုတ္ထ အကြိမ်မြောက် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံခွင့်ပေး

**ကန်ဘာရာ မတ် ၂၅**

ဩစတြေးလျနိုင်ငံ၌ ဆောင်းတွင်းသို့ ချဉ်းကပ်လာစဉ် ထိခိုက်လွယ်သည့် နိုင်ငံသားများကို စတုတ္ထအကြိမ်မြောက် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် ဆေးဘက်ဆိုင်ရာ စည်းကမ်းတင်းကျပ်သူများက ခွင့်ပြုချက်ပေးခဲ့သည်ဟု သိရသည်။

အသက် ၆၅ နှစ်နှင့်အထက် နိုင်ငံသားများကို စတုတ္ထအကြိမ်မြောက် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် ကာကွယ်ဆေးဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့က တရားဝင် ထောက်ခံချက်ပေးခဲ့သည်။ ဆောင်းတွင်းကာလအတွင်း ကိုဗစ် -၁၉ ကူးစက်မှုများမြင့်တက်လာနိုင်ခြေရှိမှုများကြောင့် ကိုဗစ် -၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ် ထိုးနှံပေးမှုများမှာ အရေးကြီးသည့် ခြေလှမ်းပင်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောသည်။

ဩစတြေးလျနိုင်ငံသည် ကိုဗစ် -၁၉ နှင့် တုပ်ကွေးရောဂါဖြစ်ပွားမှုနှစ်ဆဖြစ်လာနိုင်သည်ဟု ကျန်းမာရေးအာဏာပိုင်များက သတိပေးထားခဲ့ပြီး အမျိုးသားတုပ်ကွေး ကာကွယ်ဆေး အစီအစဉ်ကိုလည်း ပြုလုပ်သွားမည် ဖြစ်သည်။

**ဆင်ဟွာ**

## မာလီနိုင်ငံ၌ ပြန်ပေးဆွဲမှုများ ဒဏ်ရာရနှင့် သေဆုံးသည့် အရပ်သား အရေအတွက် ၈၈၆ ဦး အထိရှိလာ

**ဘာမာကို မတ်၂၅**

မာလီနိုင်ငံ၌ လွန်ခဲ့သည့်နှစ် ဒုတိယနှစ်ဝက်တာကာလအတွင်း သတ်ဖြတ်ခံရခြင်း သို့မဟုတ် ဒဏ်ရာရခြင်းနှင့် ပြန်ပေးဆွဲခံရသည့် အရပ်သားဦးရေမှာ ၈၈၆ ဦးရှိသည်ဟု မာလီရှိကုလသမဂ္ဂဘက်ပေါင်းစုံ တည်ငြိမ်ရေးလုပ်ငန်းအဖွဲ့က မတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိခိုက်ခံစားရသူများအနက် ၄၀ မှာ ကလေးများဖြစ်ပြီး ၆၅ ဦးမှာ အမျိုးသမီးများဖြစ်သည်ဟု အဆိုပါ အဖွဲ့အစည်းက ပြောသည်။

၂၀၁၂ ခုနှစ်မှစတင်ပြီး မာလီနိုင်ငံတွင် လုံခြုံရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်း ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရသည်။

**ဆင်ဟွာ**

# အာဖရိကာ၌ ကိုဗစ်-၁၉ ကန့်သတ်ချက်များဖြေလျှော့လာသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေး

**အဒစ်အဘာဘာ မတ် ၂၅**

အာဖရိကနိုင်ငံအများအပြားတွင် ကိုဗစ်- ၁၉ ကျန်းမာရေးကန့်သတ်ချက်များကို ဖြေလျှော့မှုများ ပြုလုပ်လာသဖြင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုထည့်သွင်းစဉ်းစား၍ သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဒေသဆိုင်ရာ အရာရှိဖြစ်သူတစ်ဦးက တောင်းဆိုလိုက်သည်။

ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်မှုများ လျော့ကျလာပြီးနောက် အာဖရိကနိုင်ငံအများစုမှာ ကိုဗစ်-၁၉ စောင့်ကြည့်ခြင်းများနှင့် အသွားအလာစောင့်ကြည့်မှု အစီအမံများကို လျှော့ချခြင်းတို့ ပြုလုပ်လာကြသည်။

စီးပွားရေးလုပ်ငန်းများအတွက် ပြန်လည်လမ်းဖွင့်ပေးရန်နှင့် ပုံမှန်လူနေထိုင်မှုဘဝ ပြန်လည်စတင်ရန် အရေးကြီးသည်မှာ မှန်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ မက်ရှီဒီဆို မိုတီက ပြောသည်။

အာဖရိက၌ ကိုဗစ်- ၁၉ ကူးစက်မှုများ လျော့ကျလာသည်မှာ မှန်ကန်သော်လည်း ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်မှာ ကမ္ဘာ့ကျန်အစိတ်အပိုင်းများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်။

ကာကွယ်ဆေးအပြည့်ထိုးပြီးသူ အရေအတွက်မှာ ၁၅ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိသေးသည်။ ကပ်ရောဂါမှာ ပြီးဆုံးခြင်းမရှိသေးချေ။

ကာကွယ်ရေးအစီအမံများကို သတိထားကာ ဖြေလျှော့မှုများ ပြုလုပ်သင့်သည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မြို့တော်ဟန္နိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာအဖြစ် ဆက်လက်ဖြစ်ပွား

**ဟန္နိုင်း မတ် ၂၅**

ဗီယက်နမ်နိုင်ငံတွင် မတ် ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၈၉၇၉ ဦးရှိလာခဲ့ပြီး လွန်ခဲ့သောရက်ထက် ၁၁၀၂၀ ဦး ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတွင် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၀၈၉၅၇ ဦးနှင့် ပြည်ပကူးစက်ဖြစ်ပွားသူ ၂၂ ဦး ဖြစ်သည်။

အပါအဝင် နိုင်ငံတစ်ဝန်း အစုလိုက်ကူးစက်ဖြစ်ပွားမှု ၆၂ ဦးရှိသည်။

ဗီယက်နမ်မြို့တော် ဟန္နိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး ဗဟိုချက်နေရာအဖြစ် ဆက်လက်ကျန်ရှိလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၈၀၃ ဦးရှိသည်။ ထို့နောက် မြောက်ပိုင်း ဖူသိုပြည်နယ်တွင် ၄၅၅၅ ဦးနှင့် အလယ်ပိုင်း ငါအန်းပြည်နယ်တွင် ၄၀၂၃ ဦး ဖြစ်သည်။

ကိုဗစ်-၁၉ အသစ် ထပ်မံကူးစက်ဖြစ်ပွားမှုများ အပါအဝင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၇၆၁၂၅၂ ဦးနှင့် သေဆုံးသူ ၄၂၁၉၆ ဦး ရှိသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူပေါင်းမှာလည်း ၅၀၀၁၅၆၄ ဦးအထိ ရှိလာသည်။

အသက် ၁၈ နှစ်နှင့်အထက် ၁၈၇ ဒသမ ၄ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးခြင်း အပါအဝင် နိုင်ငံတစ်ဝန်း ၂၀၄ ဒသမ ၆ သန်းနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးပြီ ဖြစ်သည်။ **ဆင်ဟွာ**

# လူမှုဘဝအခက်အခဲများကြောင့် ကလေးမွေးဖွားမှုနှုန်းကျဆင်းလာတဲ့ ထိုင်းနိုင်ငံ

ကေကေစိုး



- လုံလောက်သည့် ထောက်ပံ့မှုမျိုးမပေးဘဲ အမျိုးသမီးများကို ကလေးယူရန် တိုက်တွန်းအားပေးနေခြင်းမှာ အခြေအနေကို ပြောင်းလဲပစ်ရန် ခက်ခဲသည်ဟုလည်း ဝိုရာဝန်ကပြောသည်
- လူငယ်ကလေးအမေတစ်ဦးအနေဖြင့် ကလေးများကို ပြုစုစောင့်ရှောက်ရခြင်းဖြင့် လုပ်ငန်းခွင်နှင့်ဝေးကွာပြီး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် အခြေအနေမပေးတော့ဟု ၎င်းက ဆက်ပြောသည်

ပထမဆုံး အမြွှာကလေးနှစ်ယောက်ကိုရလိုက်စဉ်က နောက်ထပ်သမီးလေးများထပ်ရရင် သိပ်ကောင်းမှာပဲဟု တွေးခဲ့ဖူးကြောင်း ချာရာဒါကပြောသည်။

**လက်လျှော့လိုက်ပြီဖြစ်**

သို့သော်လည်း အခုတော့ ယင်းအစီအစဉ်ကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အသက် ၃၆ နှစ်အရွယ် မိခင်တစ်ဦးဖြစ်သည့် ချာရာဒါသည် ၎င်း၏ ယောက်ျားလေး အမြွှာကလေးနှစ်ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် အလွန်အမင်း ခံစားခဲ့ရသည်။

၎င်းတို့သားအမိသုံးဦးစလုံးမှာ ပြတင်းပေါက်မရှိသည့် အခန်းထဲတွင် ၁၀ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှုကို ခံယူခဲ့ရသည်။

**အလုပ်နှင့်မိသားစုဘဝ ညီမျှရန်ခက်ခဲ**

၎င်းမှာ တက္ကသိုလ်မှ ကျောင်းဆရာမတစ်ဦးဖြစ်ပြီး ပီအိတ်ချ်ဒီရရန် ကြိုးပမ်းနေသူလည်း ဖြစ်သည်။ အသွားအလာစောင့်ကြည့်ကန့်သတ်ခံနေရစဉ်အတွင်း ကိုယ်ဝန်မဆောင်စဉ်ကာလကအဖြစ်ကို ပြန်လည်သတိရနေခဲ့သည်။

အလုပ်နှင့်မိသားစုဘဝ ညီညီမျှမျှဖြစ်စေရန် လုပ်ဆောင်ရန်ခဲယဉ်းကြောင်း၊ ယင်းသို့သောအကြောင်းများကြောင့် အလုပ်မှ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များသည် ကလေးတစ်ယောက်သာယူရန် သို့မဟုတ် ကလေးလုံးဝမယူရန် ဆုံးဖြတ်လာကြခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကလေးယူရန် တွန့်ဆုတ်နေကြ**

ချာရာဒါမှာ ထိုင်းနိုင်ငံမှ လူငယ်တစ်ဦးဖြစ်ပြီး လူနေမှုစရိတ်ကြီးမြင့်မှုတို့ကြောင့် ကလေးအများကြီးယူရန် တွန့်ဆုတ်နေသည့်လူများထဲမှ တစ်ဦးဖြစ်သည်။ အမျိုးသားစာရင်းစစ်ရုံး၏ ဖော်ပြချက်အရ လူဦးရေ သန်း ၇၀ နီးပါးရှိသည့် ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်း ကလေးငယ် ၅၄၀၀၀၀ သာ မွေးဖွားခဲ့ကြောင်း သိရသည်။

ယခုမြင်တွေ့နေရသည့် အကြောင်းအရာများမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ မှ ၆၀ အတွင်းပြောင်းလဲမှုများပင်ဖြစ်ကြောင်း ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျု လူမှုလုံခြုံရေးကဏ္ဍ အကြံပေး ပုဂ္ဂိုလ်ဖြစ်သူ ဝိုရာဝန်ချန်ဒိုဗီဝစ်က ပြောသည်။

**အမျိုးသမီးလုပ်သားဦးရေ တိုးတက်လာခဲ့**

၁၉၆၅ ခုနှစ်က ထိုင်းအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၆ ဒသမ ၁ ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ ၅၁ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထိုင်းအမျိုးသမီးများ ကလေးမွေးဖွားမှုနှုန်း ကျဆင်းသွားရသည့် အဓိကအကြောင်းရင်းနှစ်ချက်မှာ ၁၉၇၀ ပြည့်နှစ်များက အကောင်အထည်ဖော်ခဲ့သည့် လူဦးရေထိန်းချုပ်သည့် လှုပ်ရှားမှုများနှင့် ၁၉၈၀ ပြည့်နှစ်များတွင် စီးပွားရေးတိုးတက်လာမှုတို့ကြောင့်ဖြစ်ပြီး ယင်းအချက်များကြောင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးလုပ်သားဦးရေ တိုးတက်လာခဲ့သည်။

**စရိတ်စကကြီးမြင့်**

ကလေးမွေးဖွားမှုနှုန်း ကျဆင်းခြင်းမှာ ပုံမှန်သဘာဝလမ်းကြောင်းသဖွယ် ဖြစ်လာခဲ့သည်ဟု ၎င်းက ပြောသည်။ မြို့ပြဒေသများတွင် ကလေးငယ်များကို ပြုစုပျိုးထောင်ရသည့် စရိတ်စကမှာလည်း နှစ်စဉ်နှင့်အမျှ ကြီးမြင့်လာခဲ့သည်။ ကလေးမွေးဖွားမှုနှင့်ပတ်သက်သည့် စိတ်ကူးစိတ်သန်းများ၊ ခံယူချက်များမှာလည်း ပြောင်းလဲလာခဲ့သည်။

**အလုပ်အကိုင်ကိုသာဦးစားပေးလာ**

ယနေ့ခေတ်ကာလမျိုးတွင် ထိုင်းနိုင်ငံ၌ ကလေးမွေးဖွားခြင်းထက် မိမိတို့၏ အလုပ်အကိုင်ကို ပို၍ဦးစားပေးသည့် အမျိုးသမီးအရေအတွက်မှာ တိုးလာခဲ့သည်။

ကလေးမွေးဖွားမှုနှုန်းကို ကျဆင်းလာစေသည့် အချက်များကို ပြောင်းပြန်လှန်ပစ်နိုင်ရေးအတွက် ထိုင်းအစိုးရသည် ကလေးမွေးဖွားခြင်းကို အားပေးပြီး နိုင်ငံတစ်ဝန်း ကလေးပြုစုစောင့်ရှောက်ရေးစင်တာများနှင့် သားဖွားစင်တာများကို တည်ထောင်ပေးခဲ့သည်။

**အခြေအနေကိုပြောင်းလဲပစ်ရန် ခက်ခဲ**

ထို့ပြင် လူမှုကွန်ရက်မှ လူသိများသူများကို ငှားရမ်းပြီး ကလေးရှိခြင်းဖြင့် မည်သို့သော ပျော်ရွှင်မှုမျိုးကိုခံစားရကြောင်း ဆွဲဆောင်မှုများပြုလုပ်လာခဲ့သည်။ လုံလောက်သည့် ထောက်ပံ့မှုမျိုးမပေးဘဲ အမျိုးသမီးများကိုကလေးယူရန် တိုက်တွန်းအားပေးနေခြင်းမှာ အခြေအနေကို ပြောင်းလဲပစ်ရန် ခက်ခဲသည်ဟုလည်း ဝိုရာဝန်ကပြောသည်။

**ယုံကြည်ချက်မရှိတော့**

ချာရာဒါကဲ့သို့ လူငယ်ကလေးအမေတစ်ဦးအနေဖြင့် ကလေးများကို ပြုစုစောင့်ရှောက်ရခြင်းဖြင့် လုပ်ငန်းခွင်နှင့်ဝေးကွာပြီး လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ရန် အခြေအနေမပေးတော့ဟု ၎င်းက ဆက်ပြောသည်။

ကာလရှည်ကြာလုပ်ငန်းခွင်နှင့်ဝေးကွာခဲ့သည့်အတွက် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် လုံလောက်သည့် ယုံကြည်ချက်မျိုး မရှိတော့ဟုလည်း ၎င်းက ဆက်ပြောသည်။

**အလှမ်းကွာဝေးနေသေး**

အိမ်မှာနေသည့် မိခင်များအပေါ် အစိုးရကပေးသည့် လူမှုအသိပေးမှုများသည် လူမှုအသိုင်းအဝိုင်းတွင် လက်ရှိရွေ့လျားနေသည့် ဦးတည်ချက်များနှင့်နှိုင်းယှဉ်လျှင် အလှမ်းကွာဝေးနေသေးကြောင်း ကျွမ်းကျင်သူများက ပြောသည်။

**အထောက်အပံ့ကောင်းများပေးစွမ်းနိုင်**

ယခုအခြေအနေများကို သိသိသာသာထင်ထင်ရှားရှားပြောင်းလဲပစ်နိုင်ခြင်း မရှိသေးဟုလည်း ဝိုရာဝန်က ဆက်ပြောသည်။

မိဘများကို နေအိမ်မှအလုပ်လုပ်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် ကလေးမွေးဖွားမှုနှုန်း မြင့်မားလာစေရန်အတွက် အကူအညီအထောက်အပံ့ကောင်းများကို ပေးစွမ်းနိုင်သည်။ ငွေကြေးနှင့်လက်တွေ့ကျသော ကူညီပံ့ပိုးမှုများက စုံတွဲများ ကလေးပိုယူရန် အခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ။

ကိုးကား - ဆင်ဟွာ

- ၁၉၆၅ ခုနှစ်က ထိုင်းအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၆ ဒသမ ၁ ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ ၅၁ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ထိုင်းအမျိုးသမီးများ ကလေးမွေးဖွားမှုနှုန်း ကျဆင်းသွားရသည့် အဓိကအကြောင်းရင်းနှစ်ချက်မှာ ၁၉၇၀ ပြည့်နှစ်များက အကောင်အထည်ဖော်ခဲ့သည့် လူဦးရေထိန်းချုပ်သည့် လှုပ်ရှားမှုများနှင့် ၁၉၈၀ ပြည့်နှစ်များတွင် စီးပွားရေးတိုးတက်လာမှုတို့ကြောင့်ဖြစ်ပြီး ယင်းအချက်များကြောင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးလုပ်သားဦးရေ တိုးတက်လာခဲ့သည်

# မတ် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၂၈ ဦးရှိ

(၂၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၀၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၇၆,၉၂၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၀,၄၉၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၈၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၇,၃၂၂) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၄၅) ခု | (၁၀၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇) ခု | (၂) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၁၀) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၂၇) ခု | (၂၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၆၇) ခု | (၁၆၅) ဦး |
| **စုစုပေါင်း** | (၁၆,၀၄၂) ခု | (၃၁၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့်ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၅၆၅၉၅၇ | ၆၃၈၂၄၃၉၄ | ၁၀၀၂၂၅၉ |
| ၂။ | အိန္ဒိယ | ၄၃၀၁၆၃၇၂ | ၄၂၄၇၈၀၈၇ | ၅၁၆၇၈၅ |
| ၃။ | ဘရာဇီး | ၂၉၇၆၇၆၈၁ | ၂၈၄၀၇၄၅၇ | ၆၅၈၃၆၇ |
| ၄။ | ပြင်သစ် | ၂၄၆၃၆၃၁၁ | ၂၂၈၁၇၀၀၁ | ၁၄၁၄၄၃ |
| ၅။ | ဗြိတိန် | ၂၀၆၁၃၈၁၇ | ၁၈၇၅၈၂၂၅ | ၁၆၄၂၈၂ |
| ၆။ | ဂျာမနီ | ၁၉၇၄၁၇၁၉ | ၁၅၅၁၈၇၀၀ | ၁၂၈၄၅၇ |
| ၇။ | ရုရှား | ၁၇၇၁၅၃၉၀ | ၁၆၅၄၅၇၅၈ | ၃၆၆၆၁၈ |
| ၈။ | တူရကီ | ၁၄၇၆၀၃၃၁ | ၁၄၄၀၄၈၁၇ | ၉၇၅၉၈ |
| ၉။ | အီတလီ | ၁၄၁၅၃၀၉၈ | ၁၂၇၄၈၈၅၉ | ၁၅၈၄၃၆ |
| ၁၀။ | စပိန် | ၁၁၃၇၈၇၈၄ | ၁၀၇၀၇၁၆၉ | ၁၀၂၀၅၃ |

## ၂၅-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၈၅၉၉၇၅၁ | ၄၈၂၆၀၂၄ | ၄၂၁၄၅ |
| အင်ဒိုနီးရှား | ၅၉၉၁၆၈၇ | ၅၆၉၁၂၂၀ | ၁၅၄၄၆၃ |
| မလေးရှား | ၄၀၇၉၂၄၂ | ၃၇၉၆၉၇၅ | ၃၄၆၆၄ |
| ဖိလစ်ပိုင် | ၃၆၇၆၂၃၀ | ၃၅၇၃၂၅၀ | ၅၈၈၃၁ |
| ထိုင်း | ၃၄၇၇၀၃၀ | ၃၂၀၈၂၇၁ | ၂၄၆၅၁ |
| စင်ကာပူ | ၁၀၅၃၁၃၉ | ၁၀၀၉၄၀၈ | ၁၂၂၆ |
| မြန်မာ | ၆၁၀၄၉၃ | ၅၆၇၃၂၂ | ၁၉၄၂၈ |
| လာအို | ၁၆၄၀၇၈ | ၁၅၁၁၆၃ | ၆၅၄ |
| ကမ္ဘောဒီးယား | ၁၃၅၃၄၄ | ၁၃၁၃၁၃ | ၃၀၅၄ |
| ဘရူနိုင်း | ၁၂၉၈၃၇ | ၁၂၀၅၆၁ | ၂၀၀ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ၂၄-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာ များ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ ဗိုလ်ချုပ် ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးနှင့် ပြောရေးဆိုခွင့်ရှိသူများ၊ သတင်းမီဒီယာများအားလုံး ကြည့်ရှုနေကြ သည့် တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေဟု ဦးစွာ ဆန္ဒမေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲ တွင် ပြောကြားမည့် အကြောင်းအရာများမှာ နံပါတ်တစ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်တာကာလကောက်နုတ်ချက်များ၊ နံပါတ်နှစ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ နံပါတ် သုံးအနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဆောင်ရွက်ချက်များ၊ နံပါတ်လေး အနေဖြင့် လတ်တလောပျံ့နှံ့နေသည့် ငွေစက္ကူအတုကိစ္စ၊ နံပါတ်ငါးအနေဖြင့် NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်ချက်များကို ပြောမည်ဖြစ်ကြောင်း။

နံပါတ်တစ်မှ နံပါတ်ငါးအထိ မိမိအနေဖြင့် ရှင်းလင်းပြောသွား မည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြား သွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းဖြစ်ကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျ ဖြစ်စေရေးအတွက် မီဒီယာအမည်အလိုက် အခမ်းအနားမှူးက ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ခံရသည့် မီဒီယာများအနေဖြင့် မေးခွန်းတစ်ခုစီမေးမြန်းပေးရန် ကြိုတင်မေတ္တာရပ်ခံလိုကြောင်း။

ပထမအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန် ထမ်းဆောင်မှု တစ်နှစ်တာကာလ ဆောင်ရွက်မှုအခြေအနေများကို ပြောမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ပြုလုပ်သည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၂)၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁)နှစ် ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ မှုနှင့်ပတ်သက်၍ အစီရင်ခံစာ နှင့်မိန့်ခွန်းများ ပြောကြားခဲ့ကြောင်း၊ နိုင်ငံတော်ကို နိုင်ငံရေး အရ အရေးပေါ်အခြေအနေကြေညာပြီး ထိန်းသိမ်းခဲ့ရမှု၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်အရပ်ရပ်အား မရယူမီနှင့် ရယူခဲ့ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ် များကို ပြောကြားခဲ့ကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို ခြုံငုံသုံးသပ်မှုများအရ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ပေးရန် လုပ်ငန်းများရှိနေခြင်းကြောင့် နိုင်ငံရေး အရ နိုင်ငံတော်ကို အရေးပေါ်ကာလ နောက်ထပ်ခြောက်လ တိုးမြှင့် သတ်မှတ်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒလုပ်ငန်းစဉ်များကို လည်း မိန့်ခွန်းနှင့် အစီရင်ခံစာတွင် တွေ့ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် ၃ ရပ်အနေဖြင့်-

(၁) အမျိုးသားရေးလုပ်ငန်းစဉ်၂ ရပ်အဖြစ် “ တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေး”၊

(၂) နိုင်ငံရေးလုပ်ငန်းစဉ်၂ ရပ်အဖြစ် “စစ်မှန်စည်းကမ်းပြည့်ဝ သည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ တည်ဆောက်ရေး နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး”၊

(၃) ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်အဖြစ်
“ ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်”တို့ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်ပြီး “အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညီညွတ်ရေးကော်မတီ စသည့်ကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နှစ်တာကာလအတွင်းတွင် ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၁၆ ကြိမ်၊ NCA လက်မှတ် ရေးထိုးခြင်းမပြုသေးသည့် EAO များနှင့် ၉ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကျိုးဆောင် အဖွဲ့များနှင့် ၂ ကြိမ် စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါကြောင်း။

**အချိုးကျကိုယ်စားပြုစနစ် (PR) ကိုသွားရန် လုပ်ဆောင်လျက်ရှိ**

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ “မတူကွဲပြားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရား တစ်ရပ်သာဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ် ကြောင်း၊ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများသည် ၎င်းတို့ကို ထောက်ခံသည့် ပြည်သူလူထုကို ကိုယ်စားပြုသူများဖြစ် ကြောင်း၊ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိကြောင်း၊ ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စား ပြုနိုင်ရန်အတွက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို သွားရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ဖက်ဒရယ်နှင့် ပတ်သက်ပြီး မည်သို့ အယူအဆအမျိုးမျိုးကွဲပြားနေပါစေ၊ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ် သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်မည် ဖြစ်ကြောင်း၊ အာဏာ ၃ ရပ်ကို ခွဲဝေကျင့်သုံးခြင်း ဆောင်ရွက်ရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဥပဒေအရ ခွဲဝေဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိစေမည်” ဖြစ်ကြောင်းကို ပြောကြားခဲ့ပါကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ “ မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ(၃)ရပ်ကို အလေးအနက်ထား ဆောင်ရွက် လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၄၁ တွင် အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအယူအဆတွင် မိတ်ဆွေနိုင်ငံသာရှိကြောင်း၊ ရန်သူနိုင်ငံဟု မရှိကြောင်း၊ မိမိတို့နိုင်ငံ အပေါ် ရန်သူသဖွယ်ဆက်ဆံနေလျှင်ပင် ထိုနိုင်ငံများ၏ သဘောထား ကို ပြောင်းလဲလာရန်၊ မိတ်ဆွေဖြစ်လာရန် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း။

တိုင်းပြည်၏ အခြေအနေနှင့် ပတ်သက်၍ “ တိုင်းပြည်၏ အင်အား သည် ပြည်တွင်းမှာသာရှိကြောင်း၊ ပြည်တွင်းအားကို ယုံကြည်ပါ ကြောင်း၊ နိုင်ငံ၏ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ် သည် မှန်သော်လည်း ပြည်တွင်းအင်အားဖြင့် လုပ်ဆောင်နိုင်ခြင်း ရှိကြောင်း၊ နံပါတ်တစ်အနေဖြင့် ပြည်တွင်းစီးပွားရေး တိုးတက်လာရန် ပြည်တွင်းအားဖြင့် မြှင့်တင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်တွင် သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်များစွာရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့ခြင်းကြောင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားတိုးတက်မှု အားနည်းချက်များရှိခဲ့ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ် ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီ စနစ် တည်ဆောက်မည်ဆိုလျှင် နိုင်ငံရေးအင်အား မကောင်းစရာ မရှိပါကြောင်း။

**နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားမည်ဖြစ်**


နံပါတ်သုံးအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး ပါဝင် သည့် ကာကွယ်ရေးစွမ်းအားလုပ်ဆောင်မည်ဖြစ်ကြောင်း၊ မိမိတို့ အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်သည့် အင်အား နှင့် နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝသည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နှင့် နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမိဘပြည်သူအားလုံးက ပူးပေါင်း လုပ်ဆောင်ကြရန် ပြောကြားလိုပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တွင် ပြည်သူလူထု များ စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေး၊ ပြည်သူလူထုနှင့် ပတ်သက်ပြီး အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ရထားနှင့် ပတ်သက်၍ ပြည်သူ့ ပို့ဆောင်ရေးစနစ်ဖြင့် ပတ်သက်လာပါက အားနည်းချက် ချို့ယွင်းချက် များရှိခဲ့ကြောင်း၊ ထို့ကြောင့် ပို့ဆောင်ဆက်သွယ်ရေး၊ လမ်းပန်း ဆက်သွယ်ရေးစနစ်သည် ကုန်ထုတ်လုပ်ငန်းသာမက အချင်းချင်း ကူးလူးဆက်ဆံသည့်နေရာ၊ ပြည်နယ်/ ပြည်မ ကူးလူးဆက်ဆံသည့် နေရာ၊ စီးပွားကုန်ထုတ်လုပ်ငန်းများ ကူးလူးဆက်ဆံသည့်နေရာတွင် အဓိကကျသည့်လုပ်ငန်းဖြစ်ကြောင်း၊ အဓိကကျသည့် လုပ်ငန်းဖြစ် သည့်အတွက်ကြောင့် မိမိတို့ ဆောင်ရွက်လျက်ရှိကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင် အဓိကလမ်းပိုင်းနှင့် အရေးပါသည့် လမ်းပိုင်းများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့တွင် စစ်တွေ-ရမ်းဗြဲ ရထားလမ်းပိုင်း စတင်ပြေးဆွဲ ပါကြောင်း၊ မနက်ဖြန်တွင် မန္တလေးမြို့ပတ်ရထားခရီးစဉ် ပြန်လည် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် မြေသားလုပ်ငန်းများ၊ ကားလမ်းကူးနှင့် ရေနုတ်မြောင်းများ၊ သံလမ်း နှင့် ကွန်ကရစ်ဇလီဖားတုံး အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ ရထား လမ်းခင်းကျောက်များကို သတ်မှတ်စံချိန်စံညွှန်းများ နှင့်အညီ အပြည့်ဖြည့်သွင်းထားရှိကြောင်း၊ ရထားပြေးဆွဲရန်အတွက် လေအေးပေးစက်ပါသည့် ရထားတွဲဆိုင်းများလည်း ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းပိုင်းတွင် ရထားတွဲဆိုင်း များ ခုန်ခြင်း၊ ဆောင့်ခြင်းမရှိစေရေး သံလမ်းများကို ဂဟေဆက်ပြီး လဲလှယ်ထည့်သွင်းခဲ့ပါကြောင်း၊ ပိုမိုတောင့်တင်းခိုင်မာစေရန် လုပ်ဆောင်ပြီး ဖြစ်ကြောင်း၊ ဘူတာနှင့် ပလက်ဖောင်းများကို အဆင့် မြှင့်တင်မည်ဖြစ်ပြီး ရထားတွဲဆိုင်းအသစ်များနှင့် မြန်နှုန်းမြှင့်တင် ပြေးဆွဲနိုင်ရေး မကြာမီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အလားတူ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှင့် ရန်ကုန်-ပြည် လမ်းပိုင်းတွင် ကွန်ကရစ်ဇလီဖားတုံးနှင့် လမ်းခင်းကျောက်များ သတ်မှတ်ချက်အတိုင်းဖြည့်တင်းခြင်း၊ သံလမ်းများလဲလှယ်ခြင်းများကို ၅၀ ရာခိုင်နှုန်းပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့ပတ် လမ်းပိုင်းတွင် ရထားလမ်း၊ တံတား၊ ကားလမ်းကူး ရေနုတ်မြောင်းနှင့် ပလက်ဖောင်းများ အဆင့်မြှင့်တင်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အချက်ပြနှင့် ဆက်သွယ် ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့ပတ်ရထား လမ်းတစ်လျှောက် လူကူးခုံးကျော်တံတားများ အသစ်တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ အခြားအရေးကြီးလမ်းပိုင်းဖြစ်သည့် မြင်းခြံ- သာစည်၊ သာစည်-ရွှေညောင်၊ ရွှေညောင်-တောင်ကြီးနှင့် တောင်ကြီး- ဆိုက်ခေါင်လမ်းပိုင်းကိုလည်း အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက် လျက်ရှိကြောင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများ




○ *ကျောဖုံးမှ*

ဖမ်းဆီးရမိတရားခံ စည်သူရှိန်နှင့် **နုနု(ခ)ခင်ဖုန်းဝင့်** တို့၏ ထွက်ဆိုချက်များအရ မတ် ၂၄ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများစေခိုင်းသူ **သူရထွန်း (ခ) ဖိုးသောကြာ**(၃၇) နှစ်ကို AK-47 ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၄င်းကျည် ၄ တောင့်၊ မှန်ပြောင်း ၁ ခုတို့နှင့် လည်းကောင်း၊ တောင်ကြီးမြို့နယ်၊ ညိုမီးကျေးရွာ၌ ဆက်စပ်တရားခံ **နန်းဝေယဉ်**(၃၇)နှစ်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ **သူရထွန်း (ခ)ဖိုးသောကြာ**၏ ထွက်ဆိုချက်အရ မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၌ ကွင်းဆက်တရားခံ **ပြည့်ပြည့်ဖြိုး**(ခ) **ပြည့်ပြည့်** (၄၃)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ တောင်ရပ်ကွက်၊ (၃၅/၃၆) လမ်းကြားနှင့် (၇၈/၇၉) လမ်းကြား၌ ကွင်းဆက်တရားခံ **ဖုန်းမြင့်ဟိန်း(ခ)တရုတ်ကြီး**(၃၂) နှစ်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၇ ဦး၊ အမျိုးသမီး ၄ ဦး ပေါင်း ၁၁ ဦး တို့ကို AK-47 ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၄င်းကျည် ၄ တောင့်၊ မှန်ပြောင်း ၁ ခု၊ လက်လုပ်မိုင်း ၄ လုံး၊ လက်ကိုင်ဖုန်း ၆ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နုနု(ခ) ခင်ဖုန်းဝင့်**၏ ထွက်ဆိုချက်အရ ၄င်းသည် ၂၀၂၁ ခုနှစ်၊ မေလမှ သြဂုတ်လထိ KIA ဗဟိုဌာနချုပ်၊ လိုင်ဇာ၌ ဖွင့်လှစ်ခဲ့သည့် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိသော လက်နက်/ ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများမှာ ဖမ်းဆီးရန်ကျန်တရားခံ တောင်ကြီး PDF အကြမ်းဖက်အဖွဲ့ဝင် **ဇီဇီး** မှ အကြမ်းဖက် လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် **သူရထွန်း (ခ)ဖိုးသောကြာ**အား AK-47 ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၄င်းကျည် ၄ တောင့်၊ မှန်ပြောင်း ၁ ခုတို့ကို လည်းကောင်း၊ **စည်သူရှိန်**သည် **သူရထွန်း(ခ)ဖိုးသောကြာ**၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်းရှိ ရုပ်ရှင်ရုံများကို ဖောက်ခွဲဖျက်ဆီးရန် မတ် ၂၃ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂) လမ်းမကြီးရှိ ဆီဆိုင်အနီး၌ ဖမ်းဆီးရန်ကျန်တရားခံ **အောင်သိုက်**ထံမှ လက်လုပ်မိုင်း သုံးလုံးကို လည်းကောင်း ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **နုနု(ခ) ခင်ဖုန်းဝင့်**၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃ ရက်တွင် ပျဉ်းမနားမြို့နယ်၊ ဦးမင်းဒင်ကျေးရွာ၌ **ထွန်းလှိုင်ဦး**ကို ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်တွင် သိမ်းဆည်းရမိသော ဖောက်ခွဲရေးပစ္စည်းများမှာ နေပြည်တော် PDF အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် **ကျောက်ခဲ (ခ)အောင်မိုး**တို့နှင့် ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **နုနု(ခ) ခင်ဖုန်းဝင့်**၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့် ၄င်းသည် အကြမ်းဖက်သင်တန်း တက်ရောက်စဉ် ရင်းနှီးခဲ့သည့် ဖမ်းဆီးရန်ကျန် NLD ပါတီမှ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း **ကျော်စိုးလင်း**၏ စေခိုင်းမှုဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် PDF အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ **စိုင်းဝင်းနိုင်ဦး**နှင့် ချိတ်ဆက်၍ **ရဲလေး(ခ) ဘိုဘိုလေး**၊ **ကျောက်ခဲ(ခ) အောင်မိုး**တို့နှင့် ပူးပေါင်းကာ ဇမ္ဗူသီရိ မြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်းအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **စည်သူရှိန်နှင့် နန်းဝေယဉ်** တို့သည် တရားခံ **သူရထွန်း(ခ) ဖိုးသောကြာ**၏ စေခိုင်းမှုဖြင့် မတ် ၁ ရက်တွင် နမ့်ဆန်မြို့သို့ သွားရောက်၍ လေယာဉ်ဆီတင်ကားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေများကို စောင့်ကြည့်၍ သတင်းပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဖုန်းမြင့်ဟိန်း(ခ) တရုတ်ကြီး**၏ စေခိုင်းမှုဖြင့် **သူရထွန်း(ခ)ဖိုးသောကြာ**သည် မတ် ၂၂ ရက်တွင် **စည်သူရှိန်နှင့် သက်အောင်ရှိန်** တို့အား ရုပ်ရှင်ရုံများ၊ ဟိုတယ်များအား အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခြေအနေသွားရောက်ကြည့်ရှုခိုင်းခဲ့ကြောင်းနှင့် မတ် ၂၇ ရက် မတိုင်မီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဂါးဒင်းဟိုတယ်၊ သမ္မတရုပ်ရှင်ရုံနှင့် သွင်ရုပ်ရှင်ရုံ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝင်းလိုက်ရုပ်ရှင်ရုံတို့ကို တစ်ပြိုင်နက်တည်း ဖောက်ခွဲမှုပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖောက်ခွဲရန်စီစဉ်**

ထို့ပြင် ဖမ်းဆီးရမိ တရားခံ **နုနု(ခ)ခင်ဖုန်းဝင့်**နှင့် **သန့်ဇင်(ခ) သန့်ဇင်ဦး**တို့၏ ထွက်ဆိုချက်များအရ နေပြည်တော် PDF အကြမ်းဖက်အဖွဲ့မှ **စိုင်းဝင်းနိုင်ဦး**သည် **နုနု(ခ)ခင်ဖုန်းဝင့်**နှင့် ချိတ်ဆက်၍ ဖောက်ခွဲရေးအဖွဲ့များဖွဲ့စည်းကာ မတ် ၂၇ ရက် မတိုင်မီ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၊ သီရိ(၅)မြို့နယ် အခွန်ဦးစီးမှူးရုံး၊ ဒက္ခိဏခရိုင် တရားရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ယာဉ်ရပ်နားကွင်း၊ ပညာရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အဆင့်မြင့်ဈေးအနီးရှိ မြဝတီဘဏ်ရုံးချုပ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ကညနရုံးတို့အား ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်စီစဉ်လျက်ရှိကြောင်း ဖော်ထုတ် သိရှိရသည်။

အထက်ပါ အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများအား **နုနု (ခ)ခင်ဖုန်းဝင့်**နှင့် **စည်သူရှိန်**တို့မှ ငွေကြေးရယူလိုမှုဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး ၄င်းတို့ကို နောက်ကွယ်မှ အဓိကစေခိုင်းလျက်ရှိသော တရားခံများမှာ **ဖုန်းမြင့်ဟိန်း(ခ) တရုတ်ကြီး**နှင့် ဖမ်းဆီးရန်ကျန် NLD ပါတီမှ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း **ကျော်စိုး လင်း** တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ဖုန်းမြင့်ဟိန်း(ခ) တရုတ်ကြီး**နှင့် NLD ပါတီမှ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း **ကျော်စိုးလင်း**တို့အနေဖြင့် အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေခိုင်းရခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာသည့်အပြင် ကျောင်းသား/ကျောင်းသူများ စာသင်ကြားမှုကာလပြီးမြောက်သဖြင့် ပြည်သူလူထု စိတ်လက်အပန်းဖြေအနားယူနိုင်စေရေး ရုပ်ရှင်ရုံများအား နှစ်ဆန်းတစ်ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေမှုကို ပျက်စီးစေရန်အတွက် ရုပ်ရှင်ရုံများနှင့် ဟိုတယ်များအား ဖောက်ခွဲဖျက်ဆီးခြင်းဖြင့် ပြည်သူလူထု ထိခိုက်ဒဏ်ရာရရှိ၍ အထိတ်တလန့်ဖြစ်ကာ နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ယုတ်မာသော အကြံအစည်ဖြင့် ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၁၈ သို့*



၂၄-၃-၂၀၂၂ ရက်တွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် စမ်းရေတွင်းလမ်း၌ သူရထွန်း(ခ)ဖိုးသောကြာနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။



၁၂-၂-၂၀၂၂ ရက်က ဇမ္ဗူသီရိမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းအနီး အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း အကြမ်းဖက်သမားများသိုဝှက်သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများ၊ ဒေသခံပြည်သူများထံမှ အတင်းအဓမ္မကောက်ခံထားသည့် စားသောက်ကုန်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အချို့မြို့ကြီးများ၌ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အပြင် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရှာဖွေဖော်ထုတ် သိမ်းဆည်းခြင်းများအပါအဝင် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်မှုများကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက မတ် ၂၂ ရက် နံနက်ပိုင်းတွင် နှမ်းခါးကျေးရွာအနီး ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာအဝင်ရှိ "စိုးမိုးသူ" ဆန်စက်နှင့် အခြေခံပညာအထက်တန်းကျောင်း (နှမ်းခါး)တို့အတွင်း ဝင်ရောက်ရှာဖွေရာ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်ခါးချိုးသေနတ် တစ်လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်မိုင်း နှစ်လုံး၊ ကျည်မျိုးစုံ ၁၂ တောင့်နှင့် ဒေသခံပြည်သူများထံမှ အတင်းအဓမ္မ ကောက်ခံသိမ်းယူထားသည့် ဆန်အိတ် ၁၃၀၊ စပါးတင်း ၁၄၀၀၊ နေကြာတင်း ၂၀၊ ဆန်ကွဲ ၃၅ တင်း၊ ဖွဲအိတ် ၂၅၀ နှင့် စားသောက်ကုန် ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများအား သက်ဆိုင်ရာသို့ ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိခဲ့သည့် ဆန်၊ စပါးအပါအဝင် စားသောက်ကုန်ပစ္စည်းများအား ဒေသခံပြည်သူများထံသို့ ပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၇ မှ*

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားပါသည်။ များအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး

**သတင်းစဉ်**

၂၃-၃-၂၀၂၂ ရက်က လမ်းမတော်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပြည်လမ်း၊ ဆေးတက္ကသိုလ်(၁)ဝန်ထမ်းအိမ်ရာ၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ။



ချိန်ကိုက်လက်လုပ်ဗုံး ၃ လုံး



လက်ကိုင်ဖုန်း ၆ လုံး




၂၄-၃-၂၀၂၂ ရက်က ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာကျေးရွာ၌ တရားခံနုနု(ခ)ခင်ဖုန်းဝင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်လုပ်မိုင်းပေါင်း။

---

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၁၆ ဒသမ ၄၀၂၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၄၄၂၂)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကျိုင်းတုံမြို့ ကျိူင်းဖောင်းဂိတ်အနီးတွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားမဝင် တင်ဆောင်လာသော ဘီယာမျိုးစုံ**(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀၀)**နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နစ်ဆန်းဒီဇယ် အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများ အတွင်း တရားမဝင် သစ်မျိုးစုံ ၈ ဒသမ ၈၁၇၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၃၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း (လိုင်စင်မဲ့)ခရောင်းအမျိုးအစား မော်တော်ယာဉ် တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၂ ရက်၊ ၂၃ ရက်နှင့်၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၈၂၇၄၄)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

## (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘိလိယက်အဖွဲ့ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် မေလတွင် ဗီယက်နမ်နိုင်ငံ၌ ပြန်လည်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဘိလိယက်အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး မြန်မာဘိလိယက်အဖွဲ့က ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးတွင်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဆီးဂိမ်းဘိလိယက်အားကစားနည်းတွင်ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများအနက် Carom ပြိုင်ပွဲမှလွဲ၍ ဘိလိယက်၊ စနူကာနှင့် Pool ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ Pool 9 Ball ပြိုင်ပွဲနှင့် Pool 10 Ball ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်အားကစားနည်းတွင် နှစ်ဦး၊ စနူကာအားကစားနည်းတွင် နှစ်ဦး၊ Pool အားကစားနည်းတွင် နှစ်ဦး၊ စုစုပေါင်း ခြောက်ဦးဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဘိလိယက်အားကစားနည်းတွင် ယခင်ကသုံးဦး ရွေးချယ်ထားသော်လည်း ကစားသမားတစ်ဦးမှာ ကျန်းမာရေးအခြေအနေကြောင့် မယှဉ်ပြိုင်နိုင်သဖြင့် နှစ်ဦးဖြင့်သာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့တွင် ဘိလိယက်ကစားသမားများအဖြစ် ပေါက်စ၊ မင်းစည်သူထွန်း၊ စနူကာကစားသမားများအဖြစ် ဝင်းကိုကိုနှင့် အောင်ဖြိုး၊ Pool ကစားသမားများအဖြစ် ဘုန်းမြင့်ကျော်နှင့် သော်ဇင်ထက်တို့ ပါဝင်သည်။

**ရဲရင့်လွင်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၃-၂၀၂၂ စနေနေ့

## MRTV HD

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၃၅ ဒီမိုကရေစီဟုဆိုရာဝယ်
၀၉:၁၀ အရွယ်ရောက်သူတိုင်းမရှိမဖြစ် လိုအပ်တဲ့နိုင်ငံသားကတ်ပြုလုပ်စို့
၀၉:၃၀ ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသီကောင်းစရာများ 'သမိုင်းဘာသာရပ်'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၂၅ (၇၇)နှစ်မြောက်တပ်မတော်နေ့ဝုဏ်ပြုတေး
၁၀:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၁၅ Early Warning and Early Action (World Meteorological Day 2022)
၁၃:၃၀ MRTV National News
၁၆:၃၅ ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသီကောင်းစရာများ 'စိတ်ကြိုက်မြန်မာစာဘာသာရပ်'
၁၇:၁၀ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၂၀ (၇၇)နှစ်မြောက်တပ်မတော်နေ့ဝုဏ်ပြုတေး
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၇၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၇)နှစ်မြောက်တပ်မတော်နေ့ဝုဏ်ပြု ဇာတ်လမ်း'အနောက်မြောက်ယွန်းယွန်းမှသည် တိဗ်ယံဆီသို့'(ဇာတ်သိမ်းပိုင်း)
၂၂:၃၀ 'ဟားစတိုင်ရဲ့အောင်ပွဲအငြိမ့်'

## mitv

07:01 Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
07:07 Weekly Review
07:23 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Saga Worm Curry and Cricket and Termarind Paste Curry
07:45 Myanmar Family Life
08:01 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Solomon Islands Pavilion at Expo 2020 Dubai
09:32 Let's go to Hlawga Nature Park
09:52 Dances of Myanmar: Tai Khun or Gon Traditional Dance
10:02 Snake Dancer

## MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကျန်းမာစေတဲ့မင်းကွတ်သီး

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မြတ်ဗုဒ္ဓဖြစ်တည်ရာဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
သာယာပါသည်ရခိုင့်ဌာနီ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၈)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝရိုးရာခေါပုတ်ထောင်းနည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၉)

## MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ တကယ်စွမ်းတဲ့....MYANCOPHARM
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၁၅ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

## MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တွက်လစ်ပြည့်ပါ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

## MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ မြန်မာ့ဆီအိုးထဲမှနမ်း
၀၇:၅၀ သုတေသနဖွံ့ဖြိုးမှုစွမ်းဆောင်ရည်ပြည့်ဝ
၀၇:၁၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၄၀ ရေပုတ်သင်မွေးမြူရေး
၀၈:၀၀ ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၉:၁၅ ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ

## MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်း ရွှေနှင့်ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သောဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် မတ် ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့်နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ၂၅-၃-၂၀၂၂ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၉ မျိုး၊ စုစုပေါင်း ၂၃၄၃၁ ဒသမ ၂၂ KG နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ Hand Sanitizer Gel ၂၅၀၀ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရှိပါသည်။

**သတင်းစဉ်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅- ၃ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၆၀/၂၂၃၀ ကျပ် | ၂၁၇၀/၂၂၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၇၀/၂၂၄၅ ကျပ် | ၂၁၉၅/၂၂၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅/၂၀၇၅ ကျပ် | ၂၀၈၅/၂၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၀/၂၁၅၅ ကျပ် | ၂၂၂၀/၂၂၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၁ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၁၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၂၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၃၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၇၉၀၀ | ၃၇၅ | ၂၉၇၄၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၁၁၆ | ၃၀၇၈၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၁၆၀၈ | ၂၉၇၄၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၃၈ | ၁၀၀၇၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ငုရွှေဝါလမ်းနေ ဝေဝေသိမ့်သည် ၎င်းအသုံးပြုသည့် “ဝေဝေသိမ့်” Facebook အကောင့်၊ ဇေယျာသီရိမြို့နယ် ဉာဏဒီပရပ်ကွက်နေ သီဟအောင်နှင့် မင်္ဂလာဒီပရပ်ကွက်နေ လိန်းကီးတို့သည် ၎င်းတို့အသုံးပြုသည့် “သီဟအောင်” Facebook အကောင့်နှင့် “လိန်းကီး” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် တရော်ကုန်းရပ်ကွက်နေ လက်ပံတို ရေနံမြေတာဝန်ခံဆရာဝန် စိုးမင်းဦးသည် ၎င်းအသုံးပြုသည့် “Soe Min Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ သံဃာတစ်ပါးနှင့် အပြစ်မဲ့ အမျိုးသားတစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းရှိ မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်

**နေပြည်တော် မတ် ၂၅**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။



(ဝဲမှယာ) ဘဒ္ဒန္တသံဝရ၊ ဦးကြည်ခိုင်ဝင်း (သေဆုံး)

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကိုင်းကျေးရွာရှိ “မဟာဝိသုတာရာမပညာဒီပကျောင်း” ၌ ကျောင်းထိုင်ဆရာတော်နှင့် အမျိုးသား တစ်ဦးတို့ကို PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းရှိ မော်တော်ယာဉ်တစ်စီးအား လုယက်ယူဆောင်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၅ ဦးခန့်သည် ဆိုင်ကယ် ခုနစ်စီးဖြင့် သေနတ်၊ ဓားများကိုင်ဆောင်၍ အဆိုပါကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး ကျေးရွာရှိ “မဟာဝိသုတာရာမပညာဒီပကျောင်း”မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသံဝရ(၅၇)နှစ်၊ (၂၂) ဝါ၊ (ဘ)ဦးအောင်ထူးနှင့် ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် ဦးကြည်ခိုင်ဝင်း (၄၇)နှစ် (ဘ) ဦးဝင်းမောင်တို့ကို သေနတ်၊ ဓားများဖြင့် ရက်စက်စွာ ဝိုင်းဝန်းပစ်ခတ်ထိုးခုတ် သတ်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းရှိ RLG/7613 Noah မော်တော်ယာဉ်အား လုယက်ယူဆောင်ကာ မြိုင်မြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဆရာတော် ဘဒ္ဒန္တသံဝရတွင် ယာမျက်လုံး ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝမ်းဗိုက် ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်နှင့် ဦးကြည်ခိုင်ဝင်းတွင် ရင်ဘတ်ကျည်ဖောက်ဝင်ဒဏ်ရာ သုံးချက်၊ ဦးခေါင်းပြတ်ထွက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းတို့အနီးမှ Thai 380 Auto ကျည်ခွံ သုံးခု၊ ၁၂ ဘိုကျည်ခွံသုံးခုနှင့် ဓားရှည်တစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ သာသနာ့အနွယ်ဝင် ကျောင်းထိုင်ဆရာတော်နှင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးတို့ကို ရက်စက်စွာ သတ်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းရှိ မော်တော်ယာဉ် တစ်စီးအား လုယက်ယူဆောင်သွားသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ မြို့နယ်ရဲစခန်းနှင့် ပခုက္ကူမြို့နယ်ရှိ ပခုက္ကူ-ပေါက် အများပြည်သူသွား ကားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း/ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်



လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခြင်းခံရသော ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး။

**နေပြည်တော် မတ် ၂၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား ယနေ့ နံနက် ၁၁ နာရီတွင်PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့်ရဲစခန်း၏ တောင်မှမြောက်သို့ မောင်းနှင်လာကာ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲခြင်းမရှိသေးသည့် လက်ပစ်ဗုံး တစ်လုံးအား တွေ့ရှိရသဖြင့် အများပြည်သူ အသက်အန္တရာယ်မရှိစေရေး သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။



ဖောက်ခွဲ ရှင်းလင်းခဲ့သော လက်လုပ်ဗုံး အစိတ်အပိုင်းများ။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ညောင်ပင်လှ ကျေးရွာအနီးရှိ ပခုက္ကူ-ပေါက် အများပြည်သူသွား ကားလမ်းအား မတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ကတ္တရာလမ်း အနည်းငယ် ပေါက်ပြဲပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အေးချမ်းစွာ သွားလာနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပခုက္ကူ-ပေါက် အများပြည်သူသွားကားလမ်းတွင် မိုင်းပေါက်ကွဲမှုပုံ။

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

**လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် ကျောင်းသား ကျောင်းသူ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ ပညာရေးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

## ပြင်ဦးလွင်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ် ၂၄ ရက်က ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုက အမှာစကားပြောကြား၍ ခရိုင်ပညာရေးမှူး ဒေါက်တာရွှေစင်အိက စိတ်ဓာတ်နှင့် စည်းကမ်းအကြောင်း၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအောင်နိုင်ထူးက လူငယ်နှင့် အားကစားအကြောင်း၊ ခရိုင်ပြန်/ဆက် ဦးစီးဌာနမှူး ဒေါ်ငုချိုချိုကျော်က လူငယ်နှင့် စာရိတ္တမြှင့်တင်ရေးဆိုင်ရာများကို ဟောပြောသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးဌာနမှ တာဝန်ရှိသူများအား အားကစားပစ္စည်းများနှင့် တရားစာအုပ်များ ပေးအပ်ခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူး

ပဲခူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ မတ် ၂၃ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပညာရေးမှူး ဒေါ်မာမာစုက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကောင်းမွန်ရေး ခေါင်းစဉ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်နုက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်သန္တာဝင်းက လူငယ်နှင့် အားကစား ခေါင်းစဉ်တို့ဖြင့် ဟောပြော၍ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသသည်။

**ခရိုင်(ပြန်/ဆက်)**



## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက် အထက(ခွဲ) ကျောင်း၌ မတ် ၂၃ ရက်က ပြုလုပ်သည့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်အောင်က အားကစားနှင့် စိတ်ဓာတ်မြင့်မားရေး ခေါင်းစဉ်၊ ခရိုင်ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးတင်ရွှေက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေရေး ခေါင်းစဉ်၊ ခရိုင်ပညာရေးမှူး ဒေါ်တင်တင်မြင့်က စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စည်းကမ်းကောင်းမွန်ရေး ခေါင်းစဉ်များဖြင့် ဟောပြောပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက အားကစားပစ္စည်းများ ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောက်ဖြူ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျောင်းသား ကျောင်းသူများအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို မတ် ၂၄ ရက်က အထက(၁)၊ အထက(၂)နှင့် အထက(၃) ကျောင်းများရှိ အစည်းအဝေးခန်းမများ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းပြည်ချစ်စိတ်ထက်သန်စေရေးခေါင်းစဉ်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝေက အားကစားနှင့် စိတ်ဓာတ်မြင့်မားရေးခေါင်းစဉ်၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းတင်က စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စည်းကမ်းကောင်းမွန်ရေး ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၄ ရက်က ဇီးကုန်းမြို့နယ် အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မာမာဦးက ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်ထက်ထက်ခိုင်က စိတ်ဓာတ်မြှင့်တင်ရေး၊ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး ခေါင်းစဉ်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က လူငယ်နှင့် အကျင့်စာရိတ္တကောင်းမွန်ရေးခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလိန်အောင်

ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီးက စိတ်ဓာတ်ကောင်းပြီး စည်းကမ်းရှိမှ တိုးတက်မည် ခေါင်းစဉ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ခင်ခင်လှဲ့က အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မကွေး

မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၃ ရက်က ပြုလုပ်သည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က လူငယ်နှင့် စာပေ ခေါင်းစဉ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းအောင်က လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဟောပြော၍ ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ငါးသိုင်းချောင်း

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၂၅ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွန့်က ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ကောင်းမွန်သောအနာဂတ်ရည်မှန်းချက်များ ကိုယ်တိုင်တည်ဆောက်နိုင်ရေး၊ မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်နှင်းယုဝေက ကျောင်းသား ကျောင်းသူများနှင့် အားကစား၊ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှိရန် စသည်တို့ကို အသိပညာပေးဟောပြောပြီး ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၃၀ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## သရက်ချောင်း

သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၂၄ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ(Talk Show)တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှထွန်းက လူငယ်ရေးရာအသိပညာပေးဆွေးနွေးမှုများအဖြစ် အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများအကြောင်း၊ အမျိုးသမီးများ၏အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရေး၊ နိုင်ငံတကာနှင့်ထားရှိသော ကတိကဝတ်များ၊ အမျိုးသမီးများနှင့် အမျိုးသားကြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများအပေါ် အခြေခံပြီး ဖြစ်ပေါ်လာသော နောက်ဆက်တွဲသားဖျက်ခြင်း၊ မွေးကင်းစကလေးများစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလှုပ်ရှားမှု အစီအစဉ်များကို ဆွေးနွေးဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ပေါ်တူဂီနိုင်ပြီး အီတလီရှုံးနိမ့်

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်မှ အီတလီနှင့် မြောက်မက်ဆီဒိုးနီးယား၊ ပေါ်တူဂီနှင့် တူရကီအသင်းတို့ပွဲစဉ်ကို မတ် ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မြောက်မက်ဆီဒိုးနီးယားနှင့် ပေါ်တူဂီအသင်းတို့ အနိုင်ရရှိခဲ့သည်။

အီတလီအသင်းသည် မြောက်မက်ဆီဒိုးနီးယားအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ပြီး ဂိုးကန်သွင်းခွင့် ၃၂ ကြိမ်အထိ ရရှိသည်။ သို့သော်လည်း အီတလီအသင်းသည် အဆုံးသတ်အားနည်းမှုကြောင့် မြောက်မက်ဆီဒိုးနီးယားကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် လွဲချော်ခဲ့ပြီဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းသည် ဂိုးကန်သွင်းခွင့်လေးကြိမ်သာ ရှိခဲ့သည်။ မြောက်မက်ဆီဒိုးနီးယား အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ထရာကိုဗက်



တူရကီအသင်းဘက်သို့ ဂျိုတာ ဂိုးသွင်းယူပြီးနောက် တွေ့ရစဉ်။

စကီးက သွင်းယူပေးခဲ့သည်။

ပေါ်တူဂီနှင့် တူရကီအသင်းတို့ပွဲစဉ်တွင် ခြေစွမ်းကွာဟမှုမရှိဘဲ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် ပေါ်တူဂီအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး အိုတာဗီအိုက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၄၂ မိနစ်တွင် အိုတာဗီအို၏ ဖန်တီးမှုမှ ဂျိုတာဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်း ဒုတိယဂိုးရရှိခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် တူရကီအသင်း ချေပဂိုးရရှိခဲ့ပြီး ရီမက်ဇ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၅ မိနစ်တွင် တူရကီအသင်း ပယ်နယ်တီ ကန်ခွင့်ရရှိခဲ့သော်လည်း ရီမက်ဇ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိချေ။ ပေါ်တူဂီအတွက် အနိုင်သေချာစေမည့် တတိယဂိုးကိုပွဲချိန်ပြည့်ခါနီးတွင် လူးဝစ်က သွင်းယူပေးနိုင်ခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

# တိုက်စစ်ကစားသမား အေဗရာဟမ်အတွက် ပြောင်းရွှေ့ကြေး သတ်မှတ်လိုက်သည့် ရိုးမား



အသက် ၂၄ နှစ်အရွယ် အေဗရာဟမ်သည် အီတလီကလပ်ရိုးမားအသင်းသို့ ရောက်ရှိပြီး ပထမရာသီတွင်ပင် ခြေစွမ်းပြသထားနိုင်သောကြောင့် ရိုးမားအသင်းက အဆိုပါ အင်္ဂလန်တိုက်စစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ သတ်မှတ်လိုက်သည်။ အေဗရာဟမ်သည် ငယ်ဘဝကလပ် ချယ်ဆီးအသင်းမှ ပြီးခဲ့သည့် နွေရာသီတွင် ပေါင် ၃၄ သန်းဖြင့် ရိုးမားအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ၃၇ ပွဲတွင် ၂၃ ဂိုး သွင်းယူထားသူ ဖြစ်သည်။

ချယ်ဆီးအသင်းသည် အဆိုပါ ကစားသမားကို ရောင်းစဉ်က ပေါင် ၆၇ သန်းဖြင့် ပြန်လည်ဝယ်ယူခွင့် စာချုပ်ကို ထည့်သွင်းချုပ်ဆိုထားသည်။ သို့သော်လည်း အသက် ၂၄ နှစ်အရွယ် တိုက်စစ်ကစားသမား အေဗရာဟမ်ကို လာမည့်ရာသီတွင် ဂွါဒီယိုလာ၏ မန်စီးတီးအသင်းက ခေါ်ယူရန် ချိန်ရွယ်နေသောကြောင့် အေဗရာဟမ်အနေဖြင့် အီတီဟက်သို့ ရောက်ရှိလာမလားစောင့်ကြည့်ရမည် ဖြစ်သည်။

# တိုက်စစ်မှူး ဒီဖိုး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူ



ဆန်းဒါးလန်း၊ ဝက်စ်ဟမ်း၊ စပါးနှင့် ရိန်းဂျားတိုက်စစ်ကစားသမားဟောင်း ဂျာမိန်း ဒီဖိုးသည် အသက် ၃၉ နှစ်အရွယ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူလိုက်ပြီ ဖြစ်သည်။

ဒီဖိုးသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ၂၂ နှစ်တာကာလအတွင်း ပွဲပေါင်း ၇၆၃ ပွဲ ပါဝင်ကစားထားပြီး ၃၀၅ ဂိုး သွင်းယူထားသူ ဖြစ်သည်။ ၎င်းသည် အင်္ဂလန်အသင်းအတွက်လည်း ၅၇ ပွဲတွင် ဂိုး ၂၀ သွင်းယူထားသူ ဖြစ်သည်။

ကစားသမားဘဝမှအနားယူတာနှင့် ပတ်သက်ပြီး ဒီဖိုးက "အခုလို ဆုံးဖြတ်ချက်ချရတာ ကျွန်တော့်အတွက် ခက်ခဲပါတယ်။ ၁၉၉၉ ခုနှစ် အသက် ၁၇ နှစ်အရွယ်မှာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို စတင်ခဲ့ပေမယ့် အခုတော့ အနားယူဖို့ အချိန်ကျပါပြီ"ဟု ပြောသည်။

# စာချုပ်သစ်ချုပ်ဆိုရန် ဖာနန်ဒက်စ် နီးစပ်လာ

ဘရူနို ဖာနန်ဒက်စ်သည် အိုးထရက်ဖို့ဒ်၌ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ် တစ်ရပ်ချုပ်ဆိုရန် နီးစပ်လာပြီ ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် ပေါ်တူဂီကစားသမား၏ လက်ရှိစာချုပ်သက်တမ်းတွင် သုံးနှစ်ကျန်ရှိနေသေးသည်။

ဖာနန်ဒက်စ်သည် မန်ယူအသင်းအတွက် ပရီမီယာလိဂ် ၇၈ ပွဲတွင် ၃၅ ဂိုး သွင်းယူပေးထားနိုင်ပြီး ၂၅ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားနိုင်သည်။



## သတင်းတိုများ

- ဝက်စ်ဟမ်းအသင်းသည် လိုင်လီအသင်းမှ နယ်သာလန်ခံစစ်ကစားသမား ဘုသ်မန်း (၂၂နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။
- စပါး၊ ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား ကက်ဆီကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

# တန်းဆင်းဇုန်အန္တရာယ်နှင့် အဲဗာတန်အသင်းရဲ့အနာဂတ်ကို မျှော်ကြည့်ခြင်း

လက်ရှိအချိန်မှာ ပရီမီယာလိဂ်ရဲ့ တန်းဆင်းဇုန်ကိုကြည့်မယ်ဆိုရင် ဝက်ဖို့ဒ်၊ ဘန်လေနဲ့ နော့ဝှစ်ချ်အသင်းတို့ အစဉ်အလိုက်ရပ်တည်နေတာကို တွေ့ရတယ်။ ရမှတ်အနေနဲ့ကြည့်ရင် ဝက်ဖို့ဒ်က ၂၂ မှတ်၊ ဘန်လေက ၂၁ မှတ်နဲ့ နော့ဝှစ်ချ်က ၁၇ မှတ် ရရှိထားတယ်။

တန်းဆင်းဇုန်အထက်မှာ သုံးမှတ်အသာနဲ့ ရပ်တည်နေတာက လမ်းပတ်ရဲ့အဲဗာတန်။ ရာသီအစမှာ အဲဗာတန်အသင်းကို ရာဖေးလ် ဘင်နီတက်ဇ် တာဝန်ယူကိုင်တွယ်ခဲ့တာပါ။ တိတိပပ ပြောရမယ်ဆိုရင် ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်မှာ အဲဗာတန်အသင်းကို စတင်ကိုင်တွယ်ခဲ့တယ်။ ဘင်နီတက်ဇ် စတင်တာဝန်ယူကိုင်တွယ်တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ ရှုံးပွဲမရှိဘဲ သရေတစ်ပွဲနဲ့ နိုင်ပွဲလေးပွဲအထိ ရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ အဲဒီနောက်ပိုင်းမှာ နည်းပြဘင်နီတက်ဇ် အသင်းကို နိုင်ပွဲထက် သရေကျအောင်ပင် ခက်ခက်ခဲခဲ ကြိုးစားရတဲ့အထိ ဖြစ်လာတယ်။

ပြောမယ်ဆိုရင် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၈ ရက်ကနေ ဒီဇင်ဘာ ၂ ရက်အထိ ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၁ ပွဲမှာ နော့ဝှစ်ချ် အသင်းကိုသာ နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ကျန် ၁၀ ပွဲမှာ သုံးပွဲသရေနဲ့ ခုနစ်ပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါကြောင့် ရလဒ်ဆိုးရွားလာတဲ့အတွက် အဲဗာတန် အသင်းအနေနဲ့ နည်းပြဘင်နီတက်ဇ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်တယ်။

ဘင်နီတက်ဇ်ကို ထုတ်ပယ်လိုက်ပြီးနောက် ဒွန်ကန်ဖာဂူဆန်က ယာယီနည်းပြအဖြစ် ပွဲကြီးကြပ်ခွင့် တစ်ပွဲရရှိခဲ့တယ်။ ဒါပေမယ့်လည်း အဲဒီ ပွဲစဉ်မှာ ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့တယ်။ အဲဒီနောက်မှာ အဲဗာတန်အသင်းအနေနဲ့ လမ်းပတ်ကို အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့တယ်။

အဲဗာတန်အသင်းကို နည်းပြလမ်းပတ် စတင်တာဝန်ယူတဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ လေးဂိုး- တစ်ဂိုးနဲ့ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ အဲဒီပွဲစဉ်ဟာ အဲဗာတန် အသင်းအတွက် ယခုနှစ်ရာသီရဲ့ ဂိုးအပြတ်ဆုံးနိုင်ပွဲဖြစ်လာခဲ့တယ်။ ဒါကြောင့်လည်း နည်းပြ လမ်းပတ် လက်ခမောင်းခတ်အောင်ပွဲခံခဲ့တယ်။ အဲဒီပွဲစဉ်အပြီး လက်ရှိအချိန်အထိ နည်းပြလမ်းပတ်အနေနဲ့ အဲဗာတန်အသင်းကို တစ်ပွဲရှုံး၊ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး တစ်ပွဲနိုင်နဲ့ ခပ်ကျဲကျဲသာ လက်ခမောင်းခတ်နိုင်တော့တယ်။

အဲဗာတန်အသင်းမှာ ကားဗက်လီဝင်၊ ရစ်ချတ်လီဆန်၊ အီယိုဘီ၊ ဂိုမက်ဇ်၊ အယ်လန်း၊ ဆီဂတ်ဆန်၊ မိုက်ကယ်ကိန်း၊ ဂေါ့ဖရေး၊ အလီစတဲ့ နာမည်ကြီး ကစားသမားတွေ အများကြီး ရှိသော်ငြား တစ်ပွဲထက်တစ်ပွဲ ရလဒ်တွေ ဆိုးရွားလာပြီး တန်းဆင်းရမယ့် အရေးနဲ့ ကြုံတွေ့နေရတာ မဖြစ်သင့်ဘူးလို့ ကျွမ်းကျင်သူတွေက အကောက်အယူ လုပ်ကြတယ်။

နောက်ဆုံးကစားခဲ့တဲ့ ပဲလေ့စ်အသင်းနဲ့ပွဲစဉ်မှာဆိုရင် နည်းပြ လမ်းပတ်ရဲ့ စိတ်ကြိုက်ကစားသမားတွေဖြစ်တဲ့ ရစ်ချတ်လီဆန်၊ တောင်းဆန့်၊ ဒူကော်ရီ၊ ကိုးမန်း၊ ပစ်ဖို့ဒ်၊ ဂေါ့ဖရေး စတဲ့ ကစားသမားတွေပါတယ်။ ဒါပေမယ့် လေးဂိုးပြတ်အထိ အံ့အားသင့်ဖွယ် ရှုံးတယ်။ နှစ်သင်းကြား ခြေစွမ်းက ကွာခြားမှု သိပ်မရှိဘဲ အဆုံးသတ် သေချာတဲ့ ပဲလေ့စ်အသင်းက အနိုင်ရရှိခဲ့တာ ဖြစ်တယ်။ အဲဗာတန်အသင်း တိုက်စစ်မှာ ရှိတဲ့ အယ်ဂါဇီ၊ ကားဗက်လီဝင်၊ ရစ်ချတ်လီဆန်တို့ ရရှိတဲ့ လိဂ်သွင်းဂိုးဟာ စုစုပေါင်း ခုနစ်ဂိုးသာ ရှိတယ်။ အပြောင်းအရွှေ့နောက်ဆုံးရက်မှာ ဂွတ်ဒီဆင်ပတ်ခ်ကို ရောက်ရှိလာတဲ့ အလီဆိုရင် သွင်းဂိုးရယူဖို့ မဆိုထားဘိ ပုံမှန်ခြေစွမ်း ပျောက်ဆုံးပြီး လက်ရှိအချိန်အထိ ၁၄၉ မိနစ်သာ ကစားထားရသေးတယ်။ ဒါကြောင့် အဲဗာတန်အသင်းရဲ့ ကျရိပ်ဟာ တဖြည်းဖြည်းနဲ့ ပိုမိုဆိုးရွားလာတယ်။

ဒါ့အပြင် ဒီနှစ်ရာသီ ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ကစားထားတဲ့ အဝေးကွင်း ၁၃ ပွဲမှာဆိုရင် တစ်ပွဲသာနိုင်ပြီး သုံးပွဲသရေကျကာ ကိုးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါဟာ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့ နော့ဝှစ်ချ်အသင်းထက် ဆိုးရွားတဲ့ရလဒ်ကို ပိုင်ဆိုင်ထားတာ ဖြစ်တယ်။

အဲဗာတန်အသင်းရဲ့ လက်ကျန်ပွဲစဉ်တွေကိုကြည့်ရင် ဝက်စ်ဟမ်း၊ မန်ယူ၊ လက်စတာ၊ လီဗာပူး၊ အာဆင်နယ်စတဲ့ အသင်းကြီးတွေ ကျန်နေတာ တွေ့ရတယ်။ အသင်းလိုက် စုဖွဲ့မှုပိုင်းမှာ အားနည်းသလို နိုင်လိုစိတ်ပြင်းထန်မှုပိုင်းမှာလည်း အားနည်းတဲ့ အဲဗာတန်အသင်းအနေနဲ့ လက်ကျန်ပွဲစဉ်တွေမှာသာ နိုင်တစ်ပွဲ၊ ရှုံးနှစ်ပွဲနဲ့ ရှေ့ဆက်နေမယ်ဆိုရင် လာမယ့်နှစ် ပရီမီယာလိဂ်မှာ မြင်တွေ့ရဖွယ် မရှိဘူး။

■ မိုးဇက် – စုစည်းသည်

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁၈၁ | ဦးသန်းထွန်း (မဟာစည်တော်) | ရုံးစည်ကြီးရပ်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၂ | ဦးတက်ခေတ် (တက်ခေတ် မင်္ဂလာစည်တော်ကြီး) | ဖန်ခါးပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၃ | ဦးကံမွန် (ဖွဲလုင်တေးဂီတ) | တံငါသည်ကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၄ | ဦးကျော်ဇေယျာမင်း (တေးမြို့လေးကိုဇေအဖွဲ့) | အမှတ် (၇)၊ ဇရပ်ကွင်းရွာ၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၅ | ဦးလွင်မျိုးဦး (ရွှေညီနောင်တေးဂီတ) | ညောင်ကုန်းမြောက်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၆ | ဦးသိန်းဆွေဦး (သံစဉ်လှိုင်းတေးဂီတ) | ငါးမင်းတောင်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၇ | ဦးမျိုးသက်ဝေ (ခ) ဦးပိုင်ကိုကျော် (ပိုင်တေးဂီတ) | အုပ်တိုက်ကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၈ | ဦးစိန်ညို (တက်သစ်စဗျော) | ဝသုန္ဒရကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၉ | ဒေါ်မြတ်နုသွေး (ခ) မြတ်သူဇာအေး (ရင်ခုံသံနှင်းဆီ တေးဂီတ) | (က/ ၁၁၇)၊ အင်းဝလမ်း၊ ရန်ကင်းသာယာရပ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၀ | ဦးလှဟန် (ရောဝတီသုခုမ အနုပညာ) | (ဘ/ ၁)၊ (၅၉)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး |
| ၁၉၁ | ဦးဝင်းမြိုင် (စိန်ဝင်းမြိုင် မောင်းအငြိမ့်) | ပေါသွယ်ကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၂ | ဒေါ်တင်ဆွေဝင်း (မေတ္တာရှိန် တကိုယ်တော်အငြိမ့်) | ဝါးတိုစျေးကုန်းရပ်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၃ | ဒေါ်နန်းခင်မွှေး (နန်းခင်မွှေး တကိုယ်တော်) | (သ/ ၉)၊ အမှတ် (၆) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၄ | ပန်တျာဂျက်မ (ခ) ဒေါ်ဖြူဖြူနှင်း (ကုတင်ထိုးအငြိမ့်) (ဂျက်မတကိုယ်တော်) | အမှတ် (၁၂) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၅ | မန်းတက္ကသိုလ်အာလာဒင် (အာလာဒင် မျက်လှည့်) | ၈၈-၈၉ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၆ | ဦးအောင်သူရစိုး (ဇော်ဂျီမောင်ဆင်အက) | ဆူးကုန်းရပ်ကွက်၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၇ | ဦးအောင်ဇော်လင်း (မျိုးမြန်မာ တေးသရုပ်ဖော်) | မယ်တော်စုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၈ | ဟစ်ဟော့ ရွှေရိုးဒေါ်မိုး ဂီတ (ဟောတော့ရွှေရိုး) | မယ်တော်စုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၉ | ဒေါ်ဟန်စုယဉ် ရုပ်စုံရုပ်သေးအဖွဲ့ (ရုပ်စုံအဖွဲ့) | (၁၀) လမ်း၊ ၆၆-၆၇ ကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၀ | ဦးမြင့်ဆွေ (ခ) ဦးနန်းမြင့်ဆွေ (နန်းမြင့်ဆွေဘိသိတ်) | ဘုရားကြီးဝင်းအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၁ | ဒိုးလက် ဘိသိတ် | (ဟ/ ၈၉)၊ ကံသာယာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၂ | ဦးသန့်ဇင် (သိန်းဇော် ဘိသိတ်) | အမှတ် (၁၆)၊ (ဆဆ/ ၁၄) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၃ | ဦးထွန်းမင်းဦး (ခ) အမေ့သားတက်လူ (အမေ့သားတက်လူ ဘိသိတ်) | ရုံးပင်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၄ | ဦးရွှေမန်းအောင်မြင့် (ခေတ်သစ်အောင်မြင် ဘိသိတ်) | တောင်နောက်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၅ | ဦးဇော်ဝင်းမောင် (သိန်းဇော် ဘိသိတ်) | တောင်လွဲကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၆ | ဦးငွေးအောင် (ခ) ဦးနန်းငွေးအောင် (မင်္ဂလာ ဘိသိတ်) | အကွက်(၂၆၈) ၊ ဥယျာဉ်အုပ်စင်ရပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၇ | ဦးရဲသူရ (ခ) ရဲသူရ (ကန္နားစီး နတ်ဒေဝါ) | (၈၃၅)၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၈ | ဦးအောင်ကြိုင် (ကန္နားစီး နတ်ဒေဝါ) | (၅၀၆)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၉ | ဒေါ်ရီ (ဒေဝါ တည်ထောင်သူ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၀ | ဒေါ်မြသွေးနွယ် (ခ) ဒေါ်ဝင်းမာ (ဒေါ်ဝင်းမာ ကန္နားစီးဒေဝါ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၁ | ဒေါ်သိန်းသိန်း (ဒေါ်သိန်းသိန်း ကန္နားစီး ဒေဝါ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၂ | ဦးထွန်းအောင်ကျော် (ကန္နားစီး နတ်ဒေဝါ) | (၅၃၂)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၃ | ဒေါ်မိုးကြည် (နတ်ဒေဝါ ကန္နားစီးဒေဝါ) | မြို့ပြင်ကြီးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၄ | ဒေါ်ကြည်ဆိုင် (ဒေဝါ နတ်ကန္နားစီးဒေဝါ) | ရန်ကင်းရပ်ကွက်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၅ | ဒေါ်ချစ်ချစ် (ကန္နားစီးဒေဝါ) | ပျဉ်တပ်ရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၆ | ဦးသန်းထွန်း (ကန္နားစီးဒေဝါ) | ကျော်ဇင်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၇ | ဦးလှထွန်း (ကန္နားစီးဒေဝါ) | စံပြသိမ်ကုန်းရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၈ | ဒေါ်တင်တင်ငွေး (ကန္နားစီးဒေဝါ) | ရွှေစည်းခုံရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၉ | ဦးငယ်လေး (ခ) သန်းဇော်ထိုက် (ဒေဝါဆိုင်း) | (၉၁၉) ရပ်ကွက်၊ မေတ္တာလမ်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၀ | သဘင်လုပ်ငန်းစု | အောင်ဇေယျ (၅)၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၁ | သဘင်လုပ်ငန်းစု | အောင်မြေသာဇံရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၂ | စေတော်ဝင် မင်္ဂလာဆိုင်း | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၃ | ကျော်သူအောင် မင်္ဂလာဆိုင်း | ညောင်ကုန်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၄ | ခန့်ကိုကို မင်္ဂလာဆိုင်း | ညောင်ကုန်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၅ | ဗိုလ်ဗိုလ်ချစ် မင်္ဂလာဆိုင်း | ကသစ်ပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၆ | ဇေယျာမောင်ဆိုင်း | ရေနီကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၇ | စိန်ဗိုလ်တင့် မင်္ဂလာဆိုင်း | ကသစ်ပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၈ | ထင်လင်းအောင် မင်္ဂလာဆိုင်း | ထန်းတောရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၉ | ဇော်ဇော်နိုင် မင်္ဂလာဆိုင်း | မြို့ဦးကွက်သစ်၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၀ | ကံကြီးမောင် စည်တော်ကြီး | နွှာကန်ကျေးရွာ ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၁ | ရတနာ စည်တော်ကြီး | ကုန်းလည်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၂ | ကြံတိုင်းအောင် စည်တော် | ကူနီရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၃ | ရတနာအောင် စည်တော် | ရေထွက်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၄ | မျိုးဆက်သစ် မင်္ဂလာစည်တော် | ဆုံတွင်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၅ | ရွှေအလင်္ကာ စည်တော် | သဆွတ်ကုန်းရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၆ | ရွှေညီအကို စည်တော် | သရက်ကန်တောင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၇ | ကန္နားစီး ဦးစိန်ဝင်း | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၈ | ကန္နားစီး မေဝင်းမောင် | ကြာကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၉ | ကန္နားစီး ဒေဝါ | နွှာကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၀ | ကန္နားစီး ခင်ဇော် | ရေငံရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၁ | ကန္နားစီး သန္တာကျော် | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၂ | လှိုင်ဝင်းအောင် ဘိသိတ် | ငွေးညိုဝင်းရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၃ | ကန္နားစီး တင်တင်လှိုင် | ရုံးကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၄ | ဒေဝါ အောင်ပြည့်ဖြိုးဟန် | အောင်မြေသာဇံရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၅ | မန္တလေးလွင်အောင် ဆိုင်း | ကူမဲ ပေါလှရပ်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၆ | ကန္နားစီး မျိုးမင်းဇော် | ပြည်လုံးအုံ့ရွာ၊ ကူမဲ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၇ | ကျော်ကျော်အောင် ကန္နားစီး | မြို့မအရှေ့ရပ်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၈ | အိအိထွန်း ကန္နားစီးဒေဝါ | ကူမဲရွာမ အနောက်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၉ | ဒေါ်ညိုစန်း ကန္နားစီးဒေဝါ | ကံတောင်ရွာ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၀ | အောင်နိုင်ဝင်း ကန္နားစီးဒေဝါ | အိုးကြီးကွေ့ရွာ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၁ | နိုင်ကိုလင်း မင်္ဂလာဆိုင်း | ထိန်ကုန်းရပ်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၂ | အောင်ဇော်ဗိုလ် မင်္ဂလာဆိုင်း | အမှတ် (၇)၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၃ | မြတ်သူ ကန္နားစီးဒေဝါ | ညောင်ရမ်းရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၄ | ကန္နားစီး သက်ဝေ | မကျည်းကံရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၅ | ဒေဝါမင်းမင်း ကန္နားစီး | အိုင်ကြီးလည်ရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၆ | ပတ္တမြား နတ်ဆိုင်း | ချောင်းဝရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၇ | အောင်ကျော်ခိုင် ဖြောအဖွဲ့ | ရွှေပြည်ရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၈ | တက္ကသိုလ်ခိုင်ဇာလင်း ဆိုင်း | ညောင်ဝန်းရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၉ | သော်တာ နတ်ဆိုင်း | ညောင်ပင်ပုရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၀ | စိန်ဖား ဗိုလ်ကျား အဖွဲ့ | ပင်လယ်ကြီးကျေးရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၁ | ပုဂံသားလေး ဆန်းထွန်းအောင် | ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၂ | ဦးအုန်းညွှန့်စိန် ဘိသိတ် | မှန်ချိုရပ်ကွက်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၃ | ဒေဝါကန္နားစီး | မှန်ချိုရပ်ကွက်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၄ | ဒေဝါကန္နားစီး | သာယာဝတီရပ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၅ | ဒေါ်ငွေးမြင့် (မျိုးခိုင် ဆိုင်း) | ညောင်ပင်သာဆည်ရွာ၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၆ | ဦးတင်ရှိန် (ခေတ်မြန်မာ မင်္ဂလာဆိုင်း) | အမှတ်(၂) နယ်မြေ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၇ | ဦးမောင်ဆင့်(တက္ကသိုလ်သား ဗဒင်ဆိုင်း) | လေးမျက်နှာရွာ၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၈ | ဦးတင်ငွေ(မန္တလေး ရဲသီဟ မင်္ဂလာဆိုင်း) | အမှတ်(၂) နယ်မြေ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၉ | ဦးဇော်ဝင်းငွေး (ဇော်ဇော်အောင် မင်္ဂလာဆိုင်း) | တဲစုရွာ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၀ | ဦးဆန်းလွင် (စိန်ဗိုလ်ဟိန်း မင်္ဂလာဆိုင်း) | အမှတ်(၂) နယ်မြေ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၁ | ဒေါ်သင်းအိလှိုင် (ကြယ်စင်ဟိန်း တကိုယ်တော်) | ရွှေတောင်ရွာ၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၂ | ဒေါ်ခင်ရီ (နတ်ဒေဝါ) | တမာကုန်း၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ရှောင်လမ်း ဖွင့်လှစ်

**ဘားအံ မတ် ၂၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဘားအံမြို့ရှောင်လမ်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရဲသာ(ကမေ့ကစင်)ကျေးရွာရှိ အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အခြားဒေသမှ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်သူ ပြည်နယ်သားများ အနေဖြင့်လည်း လမ်း၊ တံတားများ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တာဝန်ရှိပါကြောင်းနှင့် ကျန်ရှိသည့် လမ်း၊ တံတား အဆင့်မြှင့်တင်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ညိုက မြို့ရှောင်လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ညိုတို့က မြို့ရှောင်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့ရှောင်လမ်းပေါ် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဘားအံမြို့ရှောင်လမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၇၃ သန်းဖြင့် ကမေ့ကစင်ကျေးရွာ ၂ ဒသမ ၇၇၅ ကီလိုမီတာမှ လှာကဒေါင်ကျေးရွာ ၅ ဒသမ ၄ ကီလိုမီတာထိ ပထမပိုင်းအနေဖြင့် စတင်ဖောက်လုပ်ခဲ့ပြီး ယခုနှစ် မီနီဘတ်ဂျက်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၆၈၃ ဒသမ ၇၇၅ သန်းဖြင့် ဘားအံမြို့ သံလွင်တံတားသုံးမြွှာလမ်းဆုံ ၀ ကီလိုမီတာမှ ကမေ့ကစင်ကျေးရွာ ၂ ဒသမ ၇၇၅ ကီလိုမီတာအထိကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၃၇၃ ဒသမ ၆၀၀ သန်းဖြင့် လှာကဒေါင်ကျေးရွာရှိ မူလကတ္တရာလမ်းကို ၂၄ ပေ ချဲ့ခြင်းလုပ်ငန်း၊ ကျောက်လမ်းများကို ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၊ ဘားအံ သုံးမြွှာလမ်းဆုံကို လေးလမ်းသွားအဝိုင်းလမ်းဆုံအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

## စားအုန်းဆီ တစ်ပိဿာလျှင် (အနိမ့်ဆုံး ၅၅၂၅ ကျပ်မှ အမြင့်ဆုံး ငွေကျပ် ၆၃၀၀) ဖြစ်

**နေပြည်တော် မတ် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိရာ မတ် ၂၁ မှ ၂၈ ရက်အတွက် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ငွေကျပ် (၅၆၆၀ - ၆၃၇၅ ကျပ်) ထုတ်ပြန်ထားရှိသည်။

ယခုအပတ်အတွင်း နိုင်ငံတကာတွင်ဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေများအရ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက်မှုအရ မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ ယခင်အပတ်ထက် တစ်ပိဿာလျှင် ၇၅ ကျပ်ခန့် လျော့နည်းခဲ့ပြီး စားအုန်းဆီ တစ်ပိဿာလျှင် (အနိမ့်ဆုံး ၅၅၂၅ ကျပ်မှ အမြင့်ဆုံး ငွေကျပ် ၆၃၀၀) ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mmနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

---

## အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချပေးရာတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော် မတ် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး မတ် ၂၆ ရက်တွင် ကုမ္ပဏီ နှစ်ခုမှ တိုင်းဒေသကြီးများရှိစက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၁၀ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

### မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Style San Trading Enterprise Co.,ltd | Petro K Pyawbwe | မိုင်တိုင်အမှတ်-၃၂၈၊ ရန်ကုန်-မန္တလေးအဝေးပြေးလမ်း၊ ပျော်ဘွယ်မြို့နယ် |
| | | Petro K Yinmarbin | မိတ္ထီလာ-တောင်ကြီး၊ အဝေးပြေးလမ်း၊ သာစည်မြို့နယ် |

### နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Style San Trading Enterprise Co.,ltd | Petro K Tatkon | မိုင်တိုင်အမှတ်- ၂၇၂၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်း၊ တပ်ကုန်းမြို့နယ် |

### တိုင်းဒေသကြီးများတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | ၂ |
| ၂ | နေပြည်တော် | ၁ |
| ၃ | ပဲခူးတိုင်းဒေသကြီး | ၄ |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၃ |
| | **စုစုပေါင်း** | ၁၀ |

### ပဲခူးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Style San Trading Enterprise Co.,ltd | Petro K Oktwin | ရန်ကုန်-မန္တလေးအဝေးပြေးလမ်း၊ အုတ်တွင်းမြို့နယ် |
| | | Petro K Yedashe | ရန်ကုန်-မန္တလေးအဝေးပြေးလမ်း၊ ရေတာရှည်မြို့နယ် |
| | | Petro K Shwedaung | ရန်ကုန်-ပြည်အဝေးပြေးလမ်း၊ ရွှေတောင်မြို့နယ် |
| | | OK HTOO-(1) | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၊ မလေးစုကျေးရွာ၊ ဒိုက်ဦးမြို့နယ် |

### ဧရာဝတီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့်ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Style San Trading Enterprise Co.,ltd | Petrol K Pathein | ပုသိမ်-မုံရွာ-ရေး အဝေးပြေးလမ်းမကြီး။ |
| ၂ | Yadanar Kaung Kin Gems & Jewellery Co | YKK-Maubin | မြို့ရှောင်လမ်းနှင့်ဘုရားလမ်းထောင့်၊ (၂)ရပ်ကွက်၊ မအူပင်မြို့။ |
| | | YKK-Dedaye | ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေးဒရဲမြို့။ |

# ကသာမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ကသာ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကသာမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ကသာမြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများ၊ ရပ်ကွက်များနှင့် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက ကသာမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကသာခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြား၏တန်ဖိုးနှင့် အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၀၂ ကတ်ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ကသာခရိုင်တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်ရမည့်ဦးရေမှာ ၂၇၀၁၇ ဦးဖြစ်ကာ ယနေ့အထိ ဆောင်ရွက်ပြီးသည့်ဦးရေမှာ ၁၂၀၇၉ ဦး ရှိပြီဖြစ်၍ ရာခိုင်နှုန်းအနေဖြင့် ၇၀ ဒသမ ၉၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## "ကြေညာစာ"

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို ၂၀၂၂-ခုနှစ်၊ မေလတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | သင်တန်းအမည် | (က) | ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/49) |
| | | (ခ) | ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း သင်တန်း(CE/47) |
| | | (ဂ) | ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်း(CME/2) |
| ၂။ | ပေးအပ်မည့်ဒီပလိုမာ | (က) | ရေကြောင်းပညာဒီပလိုမာ(Diploma in Nautical Studies) |
| | | (ခ) | ရေကြောင်းနည်းပညာဒီပလိုမာ(Diploma in Maritime Technology) |
| | | (ဂ) | ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology) |
| ၃။ | သင်တန်းဝင်ခွင့် အရည်အချင်း | (က) | တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်းအမှတ် အနည်းဆုံး(၄၀၀)ရှိရမည်။ |
| | | (ခ) | ၂၀၂၂ - ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၀)နှစ် ထက် မကျော်လွန်စေရ။ |
| ၄။ | သင်တန်းကာလ | - | ၂ နှစ် |
| ၅။ | လက်ခံမည့် သင်တန်းသားဦးရေ | (က) | ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း ၈၀ ဦး |
| | | (ခ) | ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းသင်တန်း ၈၀ ဦး |
| | | (ဂ) | ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်း ၂၀ ဦး |
| ၆။ | လျှောက်လွှာ လက်ခံမည့်ရက် | - | ၂၈-၃-၂၀၂၂မှ ၂၂-၄-၂၀၂၂ထိ |

မှတ်ချက်။ (က) သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။

(ခ) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်း (ဖုန်း-၀၉-၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန (ဖုန်း-၀၉-၄၂၀၁၂၄၄၂၅)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu.mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်-MMMC FacebookPage တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တာချီလိတ်ခရိုင် တရားမရုံး၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄

| | | |
|---|---|---|
| ဦးချိုရှော်ဖူး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစောလှမင်း) အမှတ် (၂/၁၄)၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့ | နှင့် | ၁။ ဒေါ်လှိုင်မိုးထွဋ် ယာမြေ၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့ ၂။ ဦးအိုက်ပလိတ် အမှတ် (၉/၅၅)၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့ |
| တရားလို | | တရားပြိုင်များ |

ယာမြေ၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့နေ ဒေါ်လှိုင်မိုးထွဋ် (ယခုနေလိပ်စာမသိ)နှင့် အမှတ်(၉/၅၅)၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့နေ ဦးအိုက်ပလိတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးချိုရှော်ဖူးက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဧပြီ ၈ ရက် (၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမော်)
ဒုတိယခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ကားဂိတ်ဆိုင်ခန်းအမှတ် (က-၈၁)ဆိုင်ခန်း အား ဦးမိုးမိုးကျော်(ခ)မင်းသူ ၁၂/သဃက(နိုင်)၀၃၁၃၉၂၊ အမှတ် (၂၂၀)၊ ၄ဝါလမ်း၊ (၃၀)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ထုတ်ပေးထားသောဆိုင်ခန်းပိုင်ဆိုင်မှု မှတ်တမ်းစာအုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ရပ်ကွက်၊ ရဲစခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးမှူးထောက်ခံချက်များ၊ တရားရုံးကျမ်းကျိန်လွှာများဖြင့် စာအုပ်မိတ္တူမှန်ထုတ်ပေးပါရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားလာပါသည်။

သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/7143,Hyundai H1, Mini Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ Dishang Kenny(Myanmar)Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

# ဒေါ့ဖုန်းယန်မြို့၌ (၇၇) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**ဒေါ့ဖုန်းယန် မတ် ၂၅**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့၌ (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ လူစည်ကားရာနေရာ ဖြစ်သော စည်ပင်သာယာရေးဈေးနှင့် ရပ်ကွက်နေပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် (၇၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းကောက်နုတ်ချက်များ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးများ စုံလင်စွာ ဖော်ပြထားကြောင်း သိရသည်။ **သန်းနိုင်စိုး(ပြန်/ဆက်)**



## အများသိစေရန်

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ **TOSTA** အိမ်ရာ၊ တိုက်- (အေ-၁၀)၊ အခန်း (၂၀၁)၊ (၃-လွှာ)၊ တိုက်ခန်း (၁) ခန်းနှင့်တကွ အကျိုးခံစားခွင့်များအားလုံး" ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်အိအိချို** (၇/ကပက(နိုင်) ၀၉၁၆၇၆) သည် (၂၁-၃-၂၂) ရက်စွဲပါ **"ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်"** ဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| **ဦးမျိုးမြင့် (ဘဏ်)** | **ဒေါ်ခိုင်ဝေမွန်** | **ဒေါ်အိအိအေး** | **ဒေါ်ပြည့်ပြည့်အောင်** |
| (၆၀၆၅/၉၄) | (၁၇၉၇၇/၂၂) | (စဉ်-၄၇၆၈၆) | (စဉ်- ၄၉၂၂၁) |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေများ**
အမှတ် (၈၃)၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်း၊ (ဒု-ထပ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-785167237, 09-5167237

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၁၄)၊ ညောင်နီကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(N-၁၉၃)(N-၁၉၄)(N-၁၉၅)(N-၁၉၆)၊ မြေဧရိယာအကျယ်ဝန်း(၂.၂၅)ကေအတွင်းမှ အကျယ်အဝန်း အရှေ့ပေ(၈၀)၊အနောက်ပေ(၈၀)၊ တောင် ပေ(၆၀)၊ မြောက် ပေ(၆၀)၊ အကွက်အမှတ်(A-5)အား ဦးအောင်ကျော်ထွန်း ၅/ဆလက(နိုင်)၀၄၁၄၀၉မှ ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးဇော်မောင် မောင်ကျော် ၁၂/တမန(နိုင်)၀၀၃၆၉၅မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး စရန်ငွေတစ် စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်မောင်မောင်ကျော်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| ၁၂/တမန(နိုင်)၀၀၃၆၉၅ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆) |
| | "နိုင်"ဥပဒေအကျိုးဆောင် |
| | အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့ |

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/4199 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/9733, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်သူဝင်း ၉/မလန(နိုင်)၁၅၅၄၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/97016, Komax-100 ယာဉ်လက်ဝယ်ရှိသူKomax Group Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6393 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5372 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/55067, HONDA DREAM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသိင်္ဂီ ၁၄/မအပ(နိုင်)၂၀၄၁၇၈ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၅၂၃၆, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၁၄/ဒဒရ(နိုင်)၁၇၅၉၂၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ သုခတော်ဝင်အိမ်ရာဝင်းအတွင်း အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်၊ သုခတော်ဝင်အိမ်ရာဝင်းအတွင်း တည်ဆောက်မည့် (၅) ခန်းတွဲ ဈေးဆိုင်ခန်း Steel Structure အဆောက်အအုံ(၆၀'x၃၀'x၁၂') (၂)လုံးဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၄-၄-၂၀၂၂ရက်

**တင်ဒါပိတ်မည့်ရက်** - ၂၆-၄-၂၀၂၂ရက်(၁၆:၀၀)နာရီ

**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**စုံစမ်းရန်နေရာ/ဌာန** - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**ဆက်သွယ်ရန်ဖုန်း** - ၀၆၇၈၁၀၈၂၁၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/5782, FORLAND, Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၉/ညဥန(နိုင်)၁၅၀၉၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အကွက်အမှတ်(၄၀၄A)၊ တိုးချဲ့ စက်မှုဇုန်၊ ဦးပိုင်အမှတ်(၃၃၊ ၃၄)မှ မြေဧရိယာ ၀ ဒသမ ၄၆၀ ဧကရှိမြေသည် မူလတွင် ပဲခူးတိုင်း လယ်ယာထွက်ကုန်ပစ္စည်းများ လက်ကားရောင်းဝယ်ရေးသမဝါယမအသင်း အမှတ်(၃)အမည်ဖြင့် ၃၀-၇-၂၀၀၉ မှ ၂၉-၇-၂၀၃၉ ထိ နှစ်(၃၀)ဂရန်ရရှိထားပြီး အဆိုပါမြေကွက်ကို ပြန်လည်ရောင်းချရာတွင် ပဲခူးတိုင်း လယ်ယာထွက်ကုန်ပစ္စည်းများ လက်ကားရောင်းဝယ်ရေးသမဝါယမအသင်းအမှတ်(၃)၏ကိုယ်စား ဦးသက်နိုင်(အုပ်ချုပ် မှုဒါရိုက်တာ)မှ ၂၃-၁၁-၂၀၂၁ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၀၆၃/၂၀၂၁)ဖြင့် မှတ်ပုံတင်၍ ဦးနေအောင်အားလွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူ ဦးနေအောင် အမည်ဖြင့်မြေငှားဂရန်အမည်ပြောင်းရရှိရေးလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၇

ဒေါ်အေးမြင့်ကြည် နှင့် ဒေါ်သူဇာသန်း

(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ- ဦးအောင်မင်းနိုင်)

**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အမှတ်(၁၂-က)နေ တရားပြိုင် ဒေါ်သူဇာသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးမြင့်ကြည်(၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ-ဦးအောင်မင်းနိုင်)က "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၅ ရက် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထွန်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမအထွေထွေမှု အမှတ်-၃၄

**ကွယ်လွန်သူ ဦးထွန်းဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၆x၈၇လမ်းကြား၊ ၄၁လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းဝင်း၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဧပြီ ၂၂ရက်(၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းဝင်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် ဧပြီ ၂၂ရက် (၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်တင်ဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိအောင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မန္တလေးခရိုင်တရားရုံး**

## ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး။** နေပြည်တော်။

(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်။

(ဂ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန- ပဲခူးတိုင်းဒေသကြီး။

(င) **အကျဉ်းဦးစီးဌာန။** နေပြည်တော်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်။

(စ) **မီးသတ်ဦးစီးဌာန။** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၄-၂၀၂၂ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၆-၄-၂၀၂၂ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များကို သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **ဝန်ကြီးရုံး** | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၄၆၆ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၁၂၇၇၂၊ ၀၆၇-၃၄၁၂၇၉၄ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (င) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (စ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1064, Honda Fit GE6, S/W(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းဦး ၉/မတရ(နိုင်)၀၀၃၂၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/33126, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပြုံးထိုက် ၉/အမဇ(နိုင်)၀၀၉၁၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/77006, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၅/စကန(နိုင်)၀၂၇၆၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ မော်ဇာကျေးရွာအုပ်စု၊ အကွက်အမှတ်(၂၈ᶜ)မော်ဇာ မီးရထားမြို့မြေကွက်၊ ဦးပိုင်အမှတ်(၉၅)မှ မြေဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိမြေသည် မူလတွင် ဦးစံကြူးအမည်ပေါက်ထွက်ရှိထားပြီး ဦးစံကြူးနှင့်ဇနီးဖြစ်သူ ဒေါ်ကျင်ပိုင်တို့ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံရန်ကျန်ရှိသူ သမီးဖြစ်သူ ဒေါ်မိမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ်ချုပ်ဆိုပြီး အဆိုပါမြေကွက်ကို ရောင်းချရန်အတွက် ဒေါ်သူသူအောင်အား ကိုယ်စားလှယ်လွှဲအပ်ပြီး ဒေါ်သူသူအောင်မှ ၂၉-၄-၂၀၂၁ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၂၈/၂၀၂၁)ဖြင့် မှတ်ပုံတင်၍ ဦးမျိုးဇော်အောင်အား လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူ ဦးမျိုးဇော်အောင်အမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ဦးသောင်းထွန်း ၁၀/သဖရ(နိုင်)၀၅၃၅၁၁ သိရှိလိုက်နာစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ရွှေကိန္နရီအိမ်ရာ၊ အိမ်အမှတ်(ဘီ/၁၃+၂၃)တွင်နေထိုင်သော ဦးမျိုးမြင့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ ဈေးကြီးရပ်၊ ဇေယျာမြိုင်(၁)လမ်း၊ အမှတ်(၄၉)တွင်နေထိုင်သော ဦးသောင်းထွန်းနှင့် ဦးမျိုးမြင့်စိန်တို့သည် အပန်းဖြေဥယျာဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းစသည့် လုပ်ငန်းတူစီးပွားရေးလုပ်ကိုင်သူအချင်းချင်းဖြစ်၍ ရင်းနှီးသူများဖြစ်ကြပါသည်။ ထိုရင်းနှီးမှုအပေါ်အခြေခံ၍ ဦးသောင်းထွန်းမှ ဦးမျိုးမြင့်စိန်ထံမှ ငွေကြေးအကူအညီတောင်းခံခဲ့ရာ စုစုပေါင်းငွေ ၁၀၈၈၀၀၀၀၀၀/-ကို အကြိမ်ကြိမ်အကူအညီပေးခဲ့ပြီး ထိုငွေများကို ၂၀၂၂ခုနှစ် ဇန်နဝါရီလ လလယ်ပိုင်း၌ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ထိုငွေများပြန်မပေးနိုင်ပါက ထိုငွေများအတွက် ငွေကြေးအကူအညီပေးသူမှ အပြီးအပိုင်ရယူနိုင်ရန် ရတနာပစ္စည်းကို ပေးအပ်ခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ ယခုအချိန်တွင် ဦးသောင်းထွန်းမှ ငွေများပြန်ပေးပါမည်ဟု ကတိပြုခဲ့သည့်ကာလကို ကျော်လွန်ပြီးဖြစ်၍ မိမိရယူသွားသည့်ငွေများနှင့် ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာတွင် ဤအကြောင်းကြားစာပါရှိသည့်ရက်မှ ငါးရက်ပြည့်မြောက်သည့်ရက် နောက်ဆုံးထား၍ ငွေကြေးအကူအညီပေးသူထံသို့ လာရောက်၍ အမှန်အတိုင်းမိမိဆောင်ရွက်ဖွယ်ရှိသည်များကို အပြီးလာရောက်ရှင်းလင်းပါရန်နှင့် ထိုရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမျိုးမြင့်စိန်**
**၁/မကန(နိုင်)၀၈၄၆၃၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုဦး(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၈၈၄၆) LL.B, D.B.L**
**အမှတ်(၈၈)၊ ၉၃-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၉-၅၀၉၀၉၄၂**

## ပြည်ထဲရေးဝန်ကြီးဌာန စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများ၊ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၄-၂၀၂၂ရက်မှစ၍ နေပြည်တော် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် သက်ဆိုင်ရာတပ်ဖွဲ့၊ ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၆-၄- ၂၀၂၂ရက် ညနေ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၇၈၈ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၁၂၇၇၂၊ ၀၆၇-၃၄၁၂၈၂၁ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (င) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (စ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၃-၁၁-၂၀၁၅ရက်စွဲဖြင့် ကျွန်တော် ဦးကျော်ညွန့်(ဘ)ဦးပြုံးချိုမှ ဒေါ်ချိုမာဦး(ဘ)ဦးဖိုးတာ ၁၂/လကန(နိုင်) ၁၈၆၉၈သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၃၂၆/၂၀၁၅)အား ၂၆-၃-၂၀၂၂ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ညွန့်**

**၉/တကန(နိုင်)၀၅၄၆၅၄**

**ဖုန်း-၀၉-၆၈၉၂၆၇၆၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/15308 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပြုံးထိုက် ၉/အမဇ(နိုင်)၀၀၉၁၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/4760 TOYOTA IPSUM ACM21, Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့် ၇/ဒဥန(နိုင်)၀၉၉၈၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ထုံးဘိုအကွက်၊ ဦးပိုင်အမှတ်(၃၀-ဏ)၊ မြေဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ညောင်ပင်သာလမ်း၊ အိမ်အမှတ်(၂)နေ ဦးသန်းညွန့်(ခ)အပ္ပဒူကရင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ထုံးဘိုအကွက်၊ ဦးပိုင်အမှတ်(၃၀-ထ)၊ မြေဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ညောင်ပင်သာလမ်း၊ အိမ်အမှတ်(၂)နေ ဦးသန်းညွန့်(ခ)အပ္ပဒူကရင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန်လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄FG)၊ မြေကွက်အမှတ်(၁၆)၊ နိဗ္ဗာန်လမ်း၊ အတိုင်းအတာ (အလျား ပေ၄၀ x အနံပေ ၆၀ )၊ ၀ ဒသမ ၀၅၅၉ ဧကရှိ နှစ် (၆၀) ဂရန်အမျိုးအစား မြေကွက်နှင့်ယင်းမြေပေါ်ရှိ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသည့်- (၁) ဦးသက်ဦး ၁၂/တမန(နိုင်)၀၀၀၃၉၆၊ (၂) ဦးသက်နိုင်၁၂/တမန(နိုင်)၀၀၀၃၉၇၊ (၃) ဦးဇော်နိုင် ၁၂/တမန(နိုင်)၀၀၂၀၆၀၊ (၄) ဦးနေဝန်း ၁၂/တမန(နိုင်)၁၀၃၁၇၂၊ (၅) မောင်ဝေမင်းအောင် ၁၂/တမန(နိုင်)၁၄၀၂၀၇ တို့ထံမှ ကျွန်ုပ် ဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)၀၆၅၄၆၇ ကအပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)၀၆၅၄၆၇**

**အမှတ်(၇)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်**

**ဖုန်း-၀၉-၂၅၀၂၂၂၈၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4953 Toyota Hilux SurF KZN183, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်အောင် ၈/ရစက(နိုင်)၁၄၃၀၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၁၅၂၈၃ CANDA 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်းအောင် ၅/ဆလက(နိုင်) ၀၇၃၈၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4908 Toyota Townace KM-70 P/U(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်အောင် ၁၂/ကမရ(နိုင်)၀၀၁၂၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၁၉၀၃၅ Honda Dream 125, M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်နန်းအောင်သင် ၃/ဘအန(နိုင်) ၀၇၀၂၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/1841, Mitsubishi Canter FE82DnV, Truck(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမြ ၉/မခန(နိုင်)၁၅၀၃၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ လူနေရပ်ကွက်အမှတ် ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၁၇၇၂)၏ နှစ်(၃၀) မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်ခင်စိန်ဦး (ခ)စိုးစိုးရိန် (ဘ) ဦးမြရိန် ၁၃/တကန(နိုင်)၀၆၆၆၈၇မှ လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ် ပုဗ္ဗသီရိ/သစ်-၄/၂၀၁၁-၂၀၁၂၊ ဒေါ်ခင်စိန်ဦး(ခ) စိုးစိုးရိန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်**

**စည်ပင်သာယာရေးကော်မတီ**

**နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် ရုပ်ရှင်ရုံများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် အများပြည်သူအပန်းဖြေနေရာများအား အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်မည့် တရားခံများဖမ်းဆီးရမိ



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်က ပျဉ်းမနားမြို့နယ် ဦးမင်းဒင်ကျေးရွာ၌ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံ ထွန်းလှိုင်ဦး။

နေပြည်တော် မတ် ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ်ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် မတ် ၂၃ ရက် ညပိုင်းတွင် လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁) ဝန်ထမ်းအိမ်ရာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံများအား အကြမ်းဖက်ဖောက်ခွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသူ **စည်သူရှိန်**(၃၈)နှစ် နှင့်အတူ **မြတ်မြတ်ခိုင်**(၅၇) နှစ်၊ **ရဲလွင်ရှိန်**(၃၁)နှစ်၊ **သက်အောင်ရှိန်**(၂၉)နှစ်၊ **မင်းချမ်းမွန်**(၂၀) နှစ်တို့ကို လက်လုပ်မိုင်း သုံးလုံး၊ လက်ကိုင်ဖုန်း ခြောက်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စည်သူရှိန်**၏ ထွက်ဆိုချက်အရ မတ် ၂၄ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာကျေးရွာ၌ တရားခံ **သန့်ဇင်(ခ) သန့်ဇင်ဦး** (၃၆)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ရွှေနံ့သာကျေးရွာ၊ ချင်းတွင်းလမ်းရှိ နေအိမ်၌ ကွင်းဆက်တရားခံ **နုနု(ခ)ခင်ဖုန်းဝင့်** (၄၁)နှစ်ကို လက်လုပ်မိုင်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

## ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်ကျင်းပရန် ပြင်ဆင်နေ



ရန်ကုန်မြို့တော်ခန်းမရှေ့၌ မြို့တော်ဗဟိုမဏ္ဍပ် တည်ဆောက်နေစဉ်။

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပနိုင်ရေး စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။ ရန်ကုန်မြို့တော် ခန်းမရှေ့၌ မြို့တော်ဗဟိုမဏ္ဍပ်တည်ဆောက်ခြင်းနှင့် ရေကစားမဏ္ဍပ် တည်ဆောက်ခြင်းကို မတ်၂၀ ရက်က စတင်ကာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေပြီဖြစ်ပြီး ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင်ရန်၊

စာမျက်နှာ ၆ ကော်လံ ၅ ❐


ယနေ့ သတင်းအညွှန်း

**ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် ပါဝင်လိုသူများ ဆက်သွယ်မေးမြန်းနိုင်**

ပြည်တွင်းသတင်း စာ - ၁၂

**အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချပေးရာတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်**

ပြည်တွင်းသတင်း စာ - ၂၄